# လီဆူချီဘီ

အမည် - လီဆူချီဘီ

ပါဝင်ပစ္စည်း - သစ်၊ Chinese fan plams (Livistona Chinensis)

ထန်းဆံကြိုး(သို့) ဂစ်တာကြိုး၊ သားရေ၊ ဝါး

အမျိုးအစား - ကြိုးတပ်တူရိယာ

လီဆူချီဘီသည် လီဆူအားလုံးကို ကိုယ်စားပြုသော တူရိယာထဲမှ တစ်မျိုးဖြစ်သည်။ ရှေးပဝေသဏီခေတ်မှ ယနေ့ချိန်ထိ လီဆူလူမျိုးများ အမြတ်တနိုးထိန်းသိမ်း အသုံးပြုနေသောတူရိယာ ဖြစ်သည့်အပြင် လီဆူအားလုံးအတွက် အသည်းစွဲပစ္စည်းတစ်ခုဖြစ်ပါသည်။ လီဆူချီဘီကိုအသုံးပြုလာခဲ့သည်မှာ တရုတ်အင်ပါယာ မတည်ဆောက်မီ ကတည်းက ဖြစ်သည်ဟု ရှေးဘိုးဘေးတို့ ပြောစမှတ်ပြုကြသည်။ သံမဏိဂစ်တာကြိုး မပေါ်သေးချိန်တွင် Chinese fan Palms (Livistona Chinensis) ထန်းဆံကြိုးတပ်ဆင်အသုံးပြုခဲ့သည်။ လီဆူချီဘီသည် နေရာဒေသအလိုက်

သုံးကြိုးတပ်လီဆူချီဘီတူရိယာနှင့် လေးကြိုးတပ် လီဆူချီဘီတူရိယာဟူ၍ နှစ်မျိုးရှိသည်။

လီဆူချီဘီကို အမိမြန်မာနိုင်ငံတွင်သာမက တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် နိုင်ငံတကာအရောက် လီဆူလူမျိုးများ တွင်ကျယ်စွာအသုံးပြုသည်ကို တွေ့ရပါသည်။

လီဆူချီဘီကို ခါကြီးရက်ကြီး ပွဲလမ်းသဘင်များတွင် ဖျော်ဖြေရန်အတွက်လည်းကောင်း၊ စုပေါင်းကခုန်ရန်အတွက်လည်းကောင်း အသုံးပြုသည်။ နှစ်သစ်ကူးပွဲ၊ ကောက်သစ်စားပွဲ၊ အိမ်သစ်တက်ပွဲ၊ မင်္ဂလာဆောင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများတွင် လီဆူချီဘီကို အသုံးပြုတီးခတ်ကာ ကွာချဲကခုန်ခြင်းသည် မပါမဖြစ်သော အစီအစဉ်တစ်ခုဖြစ်သည်။ ထို့အပြင် အထီးကျန်လွမ်းဆွတ် ချိန်တွင်လည်း တီးခတ်ကြသည်။ နာရေးနှင့် အမင်္ဂလာပွဲများတွင် အသုံးမပြုကြပေ။

## ရိုးရာပုံပြင်

လီဆူလူမျိုးသည် ကိုယ့်ထီးကိုယ့်နန်းနှင့် လွတ်လပ်စွာနေထိုင်သော လူမျိုးဖြစ်သည်ဟု ဘိုးဘေးတို့ကဆိုသည်။ နောက်နောင်တွင် အင်အားကြီးသော တရုတ်တို့ အနိုင်ကျင့်

ဗိုလ်ကျမှုကြောင့် ထီးနန်းစွန့်ကာ တော၊ တောင်တွင် ထွက်ပြေးကာ တောင်ယာလုပ်ငန်းကိုသာ အားထားကြ တော့သည်။

တောင်ယာလုပ်ကိုင်နေရင်း ပင်ပန်းသည့်အခါ ယခင်ကရရှိခဲ့သော စည်းစိမ်ကို လွမ်းဆွတ်တမ်းတရာ အနားယူသည့်အချိန်တွင် မိုးကာဖြင့်ဝတ်ဆင်ထားသော Chinese fan Palms (Livistona Chinensis) ထန်းဖက်မှ အမျှင်တွေဆွဲနှုတ်၍ ကြိုးစတစ်ဖက်ကို ခြေမတွင်ချည် နောက်တစ်ဖက်ကို လက်ဖြင့်ဆွဲ၍ ကျန်လက်တစ်ဖက်ဖြင့် တီးခတ်အလွမ်းဖြေလေသည်။

နှစ်တွေလတွေ ကြာလာသော် သစ်ဝါးကိုသုံး၍ တီးခတ်လာသည်။ လီဆူလို **"ချီ"** ဆိုတာက ခြေကိုဆို လိုပြီး **"ဘီ"** ဆိုတာက ဖြည်လို့ အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့်ဤတူရိယာ၏ အမည်ကို ချီဘီ "ခြေဖြည်"ဟု ခေါ်သည်။ ချီဘီအပိတ်ပြားကို သရေဖြင့် အသုံးပြုခဲ့ သည်။ သို့သော် ယနေ့အချိန်တွင်မူ တောကောင်ရှားပါး လာခြင်း၊ သားရိုင်းထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်လာ

ခြင်းနှင့် နည်းပညာတိုးတက်လာခြင်းတို့ကြောင့် သားရေ အသုံးပြုမှု မရှိသလောက်နည်းပါးလာပြီဖြစ်သည်။





လီဆူဘိုးဘေးတို့သည် သားတစ်ယောက်လျှင် လီဆူချိဘီတစ်လက် ပြုလုပ်ပေးကာ အခါကြီးရက်ကြီး ပွဲလမ်းသဘင်ရှိတိုင်း တီးခတ်ကခုန်ကာ ဘိုးဘေးအမွေ အနှစ်ကို ထိန်းသိမ်းလာခဲ့သော်လည်း ယနေ့ခေတ်တွင် ဂစ်တာတီးခတ်တတ်သော လူငယ်ရှားပါးလာပေသည်။ အခါကြီးရက်ကြီးပွဲလမ်းသဘင်များတွင် အသင့်ရှိပြီးသော သီချင်းသံစဉ်ကို အသံချဲ့စက်ဖြင့်ဖွင့်၍သာ ကခုန်ကြတော့ သဖြင့် ဂစ်တာတီးခတ်ရန် အခွင့်အလမ်း နည်းပါးလာ သည်။ ထို့ကြောင့်သက်ဆိုင်ရာ လီဆူစာပေယဉ်ကျေးမှု ကော်မတီနှင့် အစိုးရဌာနများမှ လီဆူချိဘီ ဂီတပွဲတော်များ၊ ပြိုင်ပွဲများ ကျင်းပပေးသင့်ပါသည်ဟု သုံးသပ်မိပါသည်။

# ကယားလူမျိုးတို့၏ဖားစည်အကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးတမ်း အစဉ်အလာများကို ရာသီပွဲတော်များ၊ ရိုးရာတူရိယာများ တီးမှုတ်ခြင်းဖြင့် အသီးသီး တီးမှုတ်လေ့ရှိကြပါသည်။ ထို့အတူ ကယားပြည်နယ်ရှိ ကယားတိုင်းရင်းသားလူမျိုးများ သည်လည်း ကိုယ်ပိုင်ဓလေ့ထုံးတမ်း အစဉ်အလာများ နှင့်အညီ နေ့ထူး၊ နေ့မြတ်၊ ပွဲတော်ရက်များလည်းရှိကြ ပါသည်။ ကယားပြည်နယ်ရှိ ကယားတိုင်းရင်းသား မျိုးနွယ်စု များ၏ တေးသီချင်းသီဆိုရာ၌လည်းကောင်း၊ ရိုးရာအကများ ကခုန်ရာ၌လည်းကောင်း၊ အသုံးပြုသော တူရိယာပစ္စည်း များထဲမှ ဖားစည်တူရိယာအကြောင်း ဖြစ်ပေါ်လာပုံများနှင့် အသုံးပြုပုံများကို တင်ပြသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဖားစည်တူရိယာပစ္စည်း အဖြစ် အသုံးပြုသော မျိုးနွယ်စုများအနက် ကယားတိုင်းရင်းသား မျိုးနွယ်စုတို့လည်း အပါအဝင်ဖြစ်ပါသည်။

ကလူခေါ်ကြေးစည်ကို အသုံးပြုရန်မှာ လူစုရန် လူခေါ်ရန်ဖြစ်စေ၊ အရေးပေါ်ကိစ္စ ပေါ်ပေါက်လာသည် ဖြစ်စေ၊ စစ်ချီတက်ရာတွင်ဖြစ်စေ၊ ပွဲလမ်းသဘင်ကျင်းပ သည်ဖြစ်စေ အသုံးပြုကြပါသည်။

မူလအစ၌ စည်မျက်နှာပြင်တွင် ဖား၊ ငါး၊ ခရု၊ ပန်းနွယ်ပန်းခက်များ မပါရှိပါ၊ ဗလာဖြစ်သည်။ ကယား မျိုးနွယ်စုများ ပြောင်းရွှေ့လာရာ ဒေသတိုင်းတွင် ယင်းစည်ကို ကိုယ်နှင့်မကွာ အမြဲယူဆောင်သွားလေ့ ရှိသည်။ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာပြီးနောက် ငွေတောင်ပြည်၌ ကြေးစည်များကို ဆက်လက်သွန်းလောင်း ခဲ့ကြပြီး စည်ပုံစံကိုအသစ်ထွင်၍ သွန်းလောင်း ခဲ့ကြသည်။

(၁၃)ရာစုက သွန်းလောင်းထားသော ကြေးစည်၏ မျက်နှာပြင်တွင် ဖားတစ်ကောင်စီနှင့် ကြယ်ငါးလက်ပါရှိ သည်။ (၁၈)ရာစုတွင် သွန်းလောင်းထားသော စည်၏ မျက်နှာပြင်အမြှောက်လက္ခဏာပုံ၊ ထောင့်လေးထောင့်တွင် ဖားနှစ်ကောင်၊ ဖားသုံးကောင်ပါရှိပြီး ဗဟိုကြယ်အလက် ခြောက်လက်မှ ရှစ်လက်အထိပါရှိသည်။ စည်မျက်နှာပြင် မှာတစ်ပေမှ နှစ်ပေအထိရှိသည်။ ကိုယ်ထည်ကို တစ်ပေမှ နှစ်ပေခွဲအထိအရှည်ထားရှိသည်။ လှပတင့်တယ်မှုရှိစေရန်

စည်မျက်နှာပြင်၌ ရစ်ဖောင်းကြွများ၊ ငါးရုပ်၊ ခရုရုပ်၊ ပန်းနွယ် ပန်းခက်များ၊ နေဝန်းသဏ္ဍာန် (သို့မဟုတ်) ကြယ်ပုံသဏ္ဍာန် ပုံများကို ပြုလုပ်ထားရှိသည်။ ကိုယ်ထည်ပေါ်၌လည်း ဆင်ရုပ်၊ ခရုရုပ်များကို တန်းစီ၍ သွန်းလုပ်ထားသည်။ ဖားစည်ကို ကြေးနီ၊ သွပ်၊ ခဲမဖြူ၊ ဘော်နှင့် ရွှေ စသည့် ဝတ္ထု (၅) မျိုးဖြင့် သွန်းလုပ်ထားသည်။

ကယားမျိုးနွယ်စုတွင် ဖားစည်အမျိုးပေါင်းအများ အပြားရှိသော်လည်း ၎င်းအနက် အထူးခြားဆုံးမှာ သံစဉ် (၇)သံပါရှိသော (ကလူသူးရှီး)ခေါ် ဖားစည်(၇)လုံးနှင့် သံစဉ် (၅)သံပါရှိသော (ကလူဆိုး) ခေါ် ဖားစည်(၅)လုံးတို့ဖြစ်သည်။ ဖားစည်(၂)မျိုးအနက် သံစဉ်(၅)သံပါရှိသော ကလူဆိုးကို ကယားတိုင်းရင်းသားတို့က ရိုးရာတေးသီချင်းများနှင့် တွဲဖက်၍တီးခတ်သော တူရိယာအဖြစ် အသုံးပြုကြပါသည်။

မူလသံစဉ် (၇) သံရှိသော်လည်း အကြီးဆုံးဖားစည် (၁)လုံး ပျောက်ဆုံးသွားပြီး အငယ်ဆုံးဖားစည်မှာ အစ်ကိုကြီး ကရင်ကို အမွေပေးလိုက်ရ၍ သံစဉ် (၅)သံ ပါရှိသော ဖားစည်သာ မိမိလက်ဝယ် ကျန်ရှိသည်ဟု အဆိုရှိ၏။ အဆိုပါ ပျောက်ဆုံးသွားသော အသံ(၂)သံကို ကေ့ထိုးဘိုး ပွဲတော်တွင် တီးခတ်သော မောင်းကြီး၌လည်းကောင်း၊

ဖားစည်အကြီးဆုံးနှင့် အငယ်ဆုံးအသံကို တီးတူ ခေါ် ဝါးဂီတတွင်လည်းကောင်း၊ တွဲပုလွေတွင် လည်းကောင်း ထိန်းထားသည်။ ကယားမျိုးနွယ်စုများသည် ဖားစည် အသံကို အခြေခံ၍ ဗုံ၊ မောင်း၊ ပုလွေများကို တီထွင် အသုံးပြုထားရှိသည်။

ကယားမျိုးနွယ်စုတို့သည် ဖားစည်ကို အိမ်သစ် တက်ပွဲ၌တီးခတ်၍ အမျိုးသား၊ အမျိုးသမီးများ လက်တွဲကာ တေးသံစုံဖြင့် အချီအချ ညလုံးပေါက် သီဆိုကခုန်လေ့ရှိ ကြသည်။ စည်များကိုမတီးခတ်မီ ခေါင်ရည်ဖြင့် ဖြန်းပက် ပူဇော်ပေးထားသည်။





ဖားစည်တွင် မင်္ဂလာစည်နှင့် အမင်္ဂလာဖားစည် ဟူ၍ (၂)မျိုးရှိသည်။ မင်္ဂလာဖားစည်ကို မင်္ဂလာရှိသော အခမ်းအနားများတွင် တီးခတ်ပြီး၊ အမင်္ဂလာ ဖားစည်ကို အသုဘအခမ်းအနားတွင် တီးခတ်ကြသည်။ မင်္ဂလာ ဖားစည်ကိုအိမ်တက်ပွဲ၊ ရှေးအခါကစစ်ချီရာတွင် အချက်ပေး ရန်အတွက် တီးခတ်ခြင်း၊ တီးခတ်ပုံအမျိုးမျိုးရှိသည်။ ဖားစည်တီးခတ်သံကို နားဆင်ပြီး အဓိပ္ပာယ်ကောက်ယူ ရပါသည်။

မင်္ဂလာဖားစည်တွင် ဖားရုပ်များသည် လက်ဝဲရစ်ဖြင့် ရှေ့ဆင့် နောက်ဆင့် တစ်ဘက်တည်းလှည့်ထားသည်။ အမင်္ဂလာဖားစည်မှာ ဖားရုပ်ကိုတစ်ကောင်နှင့်တစ်ကောင် မျက်နှာချင်းဆိုင်လှည့်ထားသည်။

**ဖားစည်အမျိုးအမည်**

ကယားမျိုးနွယ်စုများ၏ အဆိုအရ ဖားစည် (၇)မျိုးရှိသည်။ ယင်းတို့မှာ

(၁) ကော်နီယို

(၂) ကလူသီးလုံ

(၃) ကလူဆထန်

(၄) ကလူမီဖိုး

(၅) ကလူသိုက်ထောက်

(၆) ကလူတုတ်ဖော့

(၇) ကလူလွမ် တို့ဖြစ်သည်။

ကယားမျိုးနွယ်စုတို့သည် ဖားစည်ကိုတီးပြီးလိုရာကိုတမ်းတလျှင် ရနိုင်သည်ဟု ယုံကြည်ကြပါသည်။ ဖားစည်ကိုတီးလျှင်မိုးရွာစေခြင်း၊ ဘေးရောဂါကိုဟန့်တား

နိုင်စေခြင်း၊ ကျန်းမာစေခြင်းအပြင် ရန်စွယ်များကင်းရှင်း စေသည်ဟုဆိုသည်။

ကယားမျိုးနွယ်စုတို့သည် ဖားအော်မိုးရွာ၊ မိုးရွာမှ ရေကြီး၊ ရေကြီးမှ ငါးမော့ဟုဆိုသော စကားအရ လယ်ယာ လုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းသူများ ဖြစ်ကြသည့် အတိုင်း ရေရရှိရန် တမ်းတပြီး ဖားစည်တီးခတ်ခြင်းကို အခြေခံသဖြင့် ဖားစည်မျက်နှာပြင်ပေါ်တွင် ဖားရုပ်များ ထည့်ထားပါသည်။

ဖားစည်ကို အရွယ်အစားအမျိုးမျိုး၊ သတ္တုအမျိုး အစား အမျိုးမျိုးတို့ဖြင့် ပြုလုပ်ကြသည်။ ဖားစည်ကို လူမျိုး တစ်မျိုး၏ အမျိုးသားလက္ခဏာဆောင်သည့် ပစ္စည်းတစ်ခု အဖြစ် သိမ်းဆည်းထား၍ အထွတ်အမြတ်ထားကြသည်။

## ကရင်ရိုးရာတူရိယာများအကြောင်း

ကရင်လူမျိုးတို့သည် ရှေးအခါကပင် အခြားသော လူမျိုးများနည်းတူ အကြောင်းအားလျော်စွာ ကဗျာလင်္ကာ တေးသီချင်းဖွဲ့ဆိုသီကုံးခြင်း၊ သီဆိုတီးမှုတ်ကခုန်ခြင်းများ ရှိခဲ့သည်။ ထိုသို့ သီဆိုတီးမှုတ်ကခုန်ကြရာတွင် အသုံးပြု သော တူရိယာပစ္စည်းများကိုလည်း မိမိတို့စိတ်ကူး ရှိသလို လက်လှမ်းမှီရာ ဝတ္ထုပစ္စည်းတို့ဖြင့် တီထွင်ဖန်တီး ပြုလုပ် ခဲ့ကြသည်။ ကရင်ရိုးရာတူရိယာများတွင် အထင်ရှားဆုံးနှင့် လူသိအများဆုံးပစ္စည်းမှာ ဖားစည်ဖြစ်ပြီး အခြားသော ကရင်ရိုးရာ တူရိယာများမှာ ကျွဲချို၊ ပီဘာ (ခေါ်) သံစုံပုလွေ၊ ဏားဒိန်(ခေါ်) စောင်းကောက်၊ ဏားဒိန်ယူသို့(ခေါ်) လွှမ်းအောင်ဖန်စောင်း၊ ခနာ(ခေါ်) ဗျတ်စောင်း၊ နှဲ၊ ဘင်၊ ဂိန်(ခေါ်) မိကျောင်းလျှာ၊ ကရင်စည်တော်၊ အိုးစည်၊ လင်ကွင်းနှင့် မောင်းများစသည်တို့ဖြစ်ကြသည်။

ကရင်လူမျိုးတို့၏ တူရိယာပစ္စည်းများထဲတွင် ကျွဲချို လည်းပါဝင်ပေသည်။ ကျွဲချိုသည် ကရင်ဘာသာဖြင့်“ကွယ်” သို့မဟုတ် “ခွေ”ဟုခေါ်သည်။ ကျွဲချိုတူရိယာပြုလုပ်ပုံမှာ ကျွဲ၏ဦးချိုကို တစ်ပေကျော်ခန့်ဖြတ်ယူပြီး ချိုဖျားဒွှ် အပေါက်ငယ်ဖြစ်အောင် လက်သန်းခန့်ဖြတ်ရသည်။

# ကျွဲချို



ကရင်လူမျိုးတို့သည် မူလသဘာဝအားဖြင့် တောတောင်ဒေသများ၌ နေထိုင်ခဲ့ကြသည်ဖြစ်ရာ ကျွဲချိုမှာ အလွန်တရာ အသုံးဝင်ခဲ့သော တူရိယာတစ်ခုဖြစ်သည်။ ထိုကျွဲချိုခရာကို တူရိယာအနေဖြင့် ဖားစည်နှင့် တွဲဖက်၍ သံစုံတီးမှုတ် အသုံးပြုကြသည့်အပြင် အခြားအရေးကြီးသော လူမှုရေးရာ၊ စစ်မှုရေးရာများ၌လည်း အသုံးပြုကြသည်။ တောကြီးမျက်မည်းအတွင်း လမ်းမှားသည့်အခါ၊ လူစုကွဲသည့်အခါများ၌ ကျွဲချိုကိုမှုတ်လေ့ရှိကြသည်။ ကရင်လူမျိုးတို့၏ ကျေးရွာဓလေ့အရ လူစုခြင်း၊ အချက်ပေးခြင်းတို့၌ ကျွဲချို ကိုအသုံးပြုကြသည်။ ဒုံးပွဲတွင်လည်း ကရင်လူမျိုးတို့၏အထွတ်အမြတ်ထားသော ဖားစည်နှင့်တွဲ၍ အမျိုး သား

ဇာတိသွေး၊ ဇာတိမာန်ကို ထိန်းသိမ်းရာတွင် အထိမ်းအမှတ် တူရိယာ အမွေအနှစ်ပစ္စည်းအဖြစ် သတ်မှတ်ထားကြသည်။

ကျွဲချိုအပြင် လေမှုတ်တူရိယာကို သမင်ဦးချို၊ ဝါး၊ သစ်သား၊ ဆင်စွယ်၊ ဆတ်ဦးချို၊ အောက်ချင်းငှက်နှုတ်သီး တို့ဖြင့်လည်း ပြုလုပ်တတ်ကြသည်။ အများအားဖြင့် ကျွဲချိုဖြင့်သာ ပြုလုပ်လေ့ရှိသောကြောင့် "ကျွဲချို" ဟူ၍ အများက သတ်မှတ်ခေါ်ဝေါ်ကြလေသည်။

## **ပီဘာ(ခေါ်) သံစုံပုလွေ**



ကရင်အခေါ်ပီဘာသည် "ပီ" မှာ ပုလွေဖြစ်ပြီး "ဘာ"မှာ ရှိခိုးကန်တော့ခြင်းဟု အဓိပ္ပါယ်ရသည်။ ပီဘာကို မှုတ်ရာတွင် အစီအစဉ်တကျ လက်ဝါးဖြင့် ကိုင်တွယ်ရပြီး လက်အုပ်ချီဟန် ကန်တော့ခြင်း သဏ္ဌာန်ဆောင်လေသည်။

ပီဘာကို အများအားဖြင့် ဝါးနှင့်ပြုလုပ်လေ့ရှိသည်။ သို့ရာတွင် အချို့ဒေသများ၌ ကြေးဝါးချောင်းဖြင့် လည်းကောင်း၊ ကျွန်းသား၊ ယမနေသား စသော သစ်သား တို့ဖြင့်လည်းကောင်း ပြုလုပ်ကြသည်။

ပီဘာကို ပြုလုပ်ရာတွင် အုံကို ခရုသင်းခွံကဲ့သို့ လုံးဝန်းအောင်ပြုပြီး မှုတ်ရန် နှုတ်ခမ်းအပေါက်ကို အကွပ် တပ်ထားလေသည်။ ပီဘာအုံ အလယ်တည့်တည့်တွင် ပီဘာပုလွေချောင်း တပ်ဆင်ရန် အပေါက်ကို ရှည်လျားစွာ တိုးလျှိုးပေါက် ဖောက်ထွင်းယူရသည်။ ထီးဝါးရိုး ကဲ့သို့သော ဖြောင့်တန်းသည့် လုံးချောဝါးများကို အချောင်းအလိုက် အနိမ့်အမြင့်အစဉ်တွဲပြီး ပီဘာအုံတွင် စိုက်ထောင်၍ အောက်ခြေမှ နှစ်ပေကျော်၊ တစ်ပေကျော်ခန့် တစ်လက်မစီ အနိမ့်အမြင့် စီတန်းထားသည်။ ပီဘာကို မှုတ်ရာတွင် လက်နှစ်ဖက်ဖြင့် ပီဘာကိုကိုင်ထားပြီး လိုအပ်သောအသံ

မျိုးစုံထွက်အောင် ပြွန်ရှိအပေါက်များကို လက်ချောင်းများဖြင့် ပိတ်၍ ဖွင့်၍ မှုတ်ရသည်။ ထို့ကြောင့် ပီဘာကို သံစုံပုလွေဟု ခေါ်ဆိုနိုင်သည်။

ပီဘာ (ခေါ်) သံစုံပုလွေကို အတိုအရှည်ဟူ၍နှစ်မျိုး ခွဲခြားထားသည်။ ပီဘာအတိုမျိုးကို လူပျိုကာလသားတို့က ညအခါ လူပျိုလှည့်ရာတွင် မှုတ်လေ့ရှိသည်။ ပီဘာကို ခရီးသွားရင်း၊ လည်ပတ်ရင်း၊ နွားကျောင်းရင်းလည်း မှုတ်လေ့ရှိကြသည်။ အထူးသဖြင့် ယိုးဒယားနယ်စပ်တွင် နေထိုင်သော ကရင်မျိုးနွယ်စုသည် ပီဘာကို အများအားဖြင့် သုံးစွဲနေသေးကြောင်း လေ့လာသိရှိရသည်။

ပီဘာအရှည်မျိုးမှာ လူအုပ်စုရှိသည့်အခါတွင် မှုတ်လေ့ရှိသည်။ ညချမ်းအချိန် လသာသာ၌ စပါးနယ်သောအခါ အမျိုးသမီးတို့က သီချင်းဆိုပြီး အမျိုးသားတို့က စုပေါင်း၍ ပီဘာကို မှုတ်လေ့ရှိရာ အထူးပင် သာယာနာပျော်ဘွယ်ကောင်းလှသည်။ ပီဘာကို မင်္ဂလာဆောင်ပွဲ၊ အလှူပွဲတို့တွင်လည်း ဧည့်ခံဖြေဖျော်မှုအဖြစ် စုပေါင်း၍ မှုတ်လေ့ရှိကြသည်။

အရှေ့ပိုးကရင်တို့၏ ရေးဟောင်းကဗျာ၊ လင်္ကာ၊ သီချင်းများအရ အောက်ပါ ပီဘာအမျိုးအစားများရှိကြောင်း သိရသည်။

(၁) ကာလသား၊ ကာလသမီးများ ပီဘာ

(၂) နန်းတွင်းသုံးပီဘာ

(၃) ကျွဲကျောင်း၊ နွားကျောင်းမှုတ်ပီဘာ စသည်ဖြင့်ရှိကြောင်း သိရသည်။



ထားဒိန်(ခေါ်)စောင်းကောက်

ကရင်အမျိုးသား တူရိယာများတွင် ဖားစည်က လွဲလျှင် ဇာားဒိန်(ခေါ်)စောင်းကောက်သည် ရှေးအခါက ထင်ရှား၍ ကရင်လူမျိုးများ အလွန်နှစ်သက်ကြသော တူရိယာပစ္စည်းတစ်ခု ဖြစ်သည်။

ရှေးကစောင်းကြိုးကို ပျားဖယောင်းဖြင့် လွန်းတင်၍ ကျစ်ထားသော လျှော်မျှင်၊ ကြိမ်မျှင်၊ ဝါးမျှင်၊ ပိုးချည် တို့ဖြင့်တပ်လေ့ရှိသော်လည်း မျက်မှောက်ခေတ်ကာလတွင် နိုင်လွန်ကြိုး၊ သံမဏိကြိုးတို့ကို အသုံးပြုလာကြသည်။

စောင်းကောက်ကို ပြုလုပ်ရာတွင် ကိုယ်ထည်ပိုင်းနှင့် ခေါင်းပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားထားလေသည်။ ကိုယ်ထည်ကို သစ်သားတစ်မျိုးနှင့် ပြုလုပ်ပြီး တစ်တောင်ကောက် ခေါင်းပိုင်းကို အခြားသစ်သားတစ်မျိုးနှင့် ပြုလုပ်လေ့ရှိ သည်။ ကရင်စောင်းကောက်၏ ခေါင်းပိုင်းသည် မြန်မာ့ စောင်းကောက်ကဲ့သို့ ကွေးညွတ်ခြင်းမရှိလှချေ။ လေးကိုင်း မျှလောက်သာကောက်လေသည်။ အထူးသဖြင့် ကိုယ်ထည် ပိုင်းကို မာသောသစ်သားတို့ဖြင့်သာ ပြုလုပ်ကြလေသည်။ စောင်းကိုယ်ထည်ကို အလျားသုံးမိုက်၊ အနံတစ်မိုက် ခန့်ထား၍ အခေါင်းထွင်းကာ ဒရယ်သားရေ၊ ချေသားရေ

တို့ဖြင့် ဖုံးအုပ်ပြီး ဘေးနှစ်ဖက်တွင် အပေါက်နှစ်ပေါက် ဖောက်ထားသည်။

စောင်း၏ ခေါင်းပိုင်းကို ကိုယ်ထည်နှင့်ဆက်စပ်ယူပြီး ထိပ်ပိုင်းတွင် ကြိုးတပ်၊ ကြိုးတင်ရန် လက်တံ ထားရှိရသည်။ စောင်း၏ ဦးခေါင်းပိုင်းကို သဘာဝအတိုင်း ကောက်နေသော သစ်သားတို့ဖြင့် အလျားခြောက်မိုက်ခန့် အရှည်ယူ၍ တပ်ဆင်ယူရသည်။

ရှေးအခါက ကရင်လူမျိုးတို့သည် မိမိတို့၏ ဘိုးဘွားလက်ထက်က ဖြစ်ရပ်များ၊ ရာဇဝင်ဝတ္ထု၊ တော၊ တောင်၊ ရေ၊ မြေ အကြောင်းအရာများ၊ အချစ်ဇာတ်လမ်းများကို "ထား" ခေါ် ကဗျာလင်္ကာများ စပ်ဆိုကြလေသည်။ ထိုသီချင်းများကို သီဆိုကြရာတွင် စောင်းကောက်ကို တွဲဖက်တီးခတ်၍ သီဆိုလေ့ရှိကြသည်။ လူငယ်လူရွယ်တိုင်း လိုလိုပင် "ထား" သီချင်းများရရှိကာ လူပျိုလည်ရာတွင် "ထား" သီချင်းသီဆို၍ စောင်းကောက်သံ တမြိုင်မြိုင်နှင့် ချစ်ရေးဆိုလေ့ရှိကြသဖြင့် စောင်းကောက်သည် ကရင်အမျိုးသား လူရွယ်တို့ အနှစ်သက်ဆုံးသော တူရိယာ တစ်ခုဖြစ်ခဲ့လေသည်။

## ဏားဒိန်ထူးသီ့(ခေါ်) လွမ်းအောင်ဖန်စောင်း

ဏားဒိန်ယူးသီ့(ခေါ်) လွမ်းအောင်ဖန်စောင်းသည် အထွတ်အမြတ်ဆုံးထားသော စောင်းတစ်မျိုးဖြစ်သည်။ အချို့က "တော်ဝင်စောင်း" ဟူ၍ အမည်သတ်မှတ်ကြသည်။ တော်ဝင်စောင်းကို အချို့က "ထာခိုင်ဝးကိုင်" (နားဒိန်ဗားကန်)ဟုလည်း ခေါ်ကြသေးသည်။ ထိုစောင်းကို ပြုလုပ်ရာတွင် အစီအရင်တစ်မျိုးဖြင့် ပြုလုပ်ရလေသည်။ ကိုယ်ထည်ကို ပိတောက်သားဖြင့် ပြုလုပ်ရပြီး ခေါင်းပိုင်းကို ယင်းတိုက်သားဖြင့် ပြုလုပ်ကြသည်။ ကြိုးတပ်၊ ကြိုးတင်ရန် လက်တံအလက်ကိုမူ ဆင်စွယ်ဖြင့် ပြုလုပ်ရသည်။

ထိုစောင်းပြုလုပ်ရာတွင် မပြီးမချင်း ရွာတွင်းသို့ ယူဆောင်၍ မလာရချေ။ တောထဲ၌သာ ထားခဲ့ရသည်။ စောင်းကိုပြုလုပ်ပြီး စောင်းကြိုးတပ်သောအခါ စောင်းအိုး အပေါက်တွင် ပန်းခုနှစ်မျိုး၊ ခုနှစ်ပွင့်သွင်းရလေသည်။ စောင်း၏အမြုတေဟုခေါ်အပ်သော ဏားဒိန်အပနယ့်ကို ထည့်ရလေသည်။

ပန်းညိုနှစ်ပွင့်၊ စကားဝါပွင့်၊ နန်းလုံးကြိုင်၊ ဆောင်တော်ကူး၊ တရုတ်စကား၊ စကားစိမ်းပွင့်စသည့်

ခုနစ်ပွင့်ကို ထည့်သွင်းပြီးမှ စောင်းကြိုးညှိကာ ထိုတောအုပ်၌ပင် သီချင်းနှင့် သီဆိုတွဲဖက်ပြီး တီးရလေသည်။ အထက်ပါအစီအရင်အတိုင်း စီရင်သီဆိုတီးခတ် ပြီးမှသာ ရွာသို့ယူဆောင်ရလေသည်။ထိုစောင်းကို သီဆိုတီးခတ်လျှင် ကြားရသူတိုင်း လွမ်းဆွေးကြရသည်ဟု ရှေးလူကြီးများက ဆိုကြလေသည်။

**ခနာ(ခေါ်)ဗျတ်စောင်း**



ကရင်လူမျိုးတို့၏ ကြိုးတပ်တူရိယာအများအနက် “ခနာ” ခေါ် ဗျတ်စောင်းသည်လည်း တစ်မျိုးအပါအဝင် ဖြစ်သည်။ ရှေးက အုန်းမှုတ်ခွက်ဖြင့် အုန်းသီးတစ်လုံးကို သုံးပုံတစ်ပုံမှ ညီညာစွာဖြတ်ယူပြီး အဝကို သစ်သား၊

ဝါးပြားတစ်ခုခုနှင့်ပိတ်၍ ပြုလုပ်လေ့ရှိသည်။ နှောင်းခေတ် အချိန်တွင် သစ်မာသားဖြစ်သော ယင်းတိုက်၊ ပျဉ်းကတိုး၊ ပိတောက်သားတို့ဖြင့် ပြုလုပ်နေကြသည်။

ရှေးအခါက ကြိုးသုံးချောင်းတပ်ကြသော်လည်း မျက်မှောက်ခေတ်တွင် နှစ်ခေါင်းတွဲ နှစ်စုံ(လေးချောင်း)နှင့် သီးခြားတစ်ချောင်းကြိုးအဖြစ် ကြိုးငါးချောင်းတပ်ဆင်ကြသည်။

ယခင်က ပိုးချည်မျှင်၊ သစ်သားမျှင်၊ ဝါးမျှင်တို့ကို ကြိုးအဖြစ် အသုံးပြုလေ့ရှိသော်လည်း ယခုအခါ နိုင်လွန်ကြိုး၊ သံမဏိကြိုးတို့ဖြင့် တပ်ဆင်ကာ သုံးစွဲလာကြသည်။ ကရင်ဗျတ်စောင်းသည် ယခုခေတ်မယ်ဒလင် တစ်မျိုးဟုဆိုနိုင်သည်။ အချို့က ကိုယ်တိုင်တီး၍ ကိုယ်တိုင် သီဆိုကာ အချို့မှာအမျိုးသားက တီးခတ်၍ အမျိုးသမီးက သီဆိုလေ့ရှိသည်။ နားထောင်ရသည်မှာ သာယာ နာပျော်ဘွယ် ရှိလှသည်ဟု လက်ခံထားကြသည်။

## စည်တော်



ကရင်လူမျိုးတို့၏တူရိယာများထဲတွင် စည်တော်သည် တစ်ခုအပါအဝင်ဖြစ်သည်။ စည်တော်သည် ရှေးအခါက လူစုရာတွင်လည်းကောင်း၊ အခမ်းအနားဖွင့်ပွဲများတွင် လည်းကောင်း၊ ရိုးရာဒုံးအကများ တွင်လည်း အခြားသော တူရိယာများနှင့်တွဲ၍ တီးခတ်ပါသည်။ အချို့က မင်္ဂလာ စည်တော်ဟု ခေါ်ကြသည်။

စည်တော်ပြုလုပ်ပုံမှာ ဦးစွာသစ်မာသားဖြစ်သော ပျဉ်းကတိုးသား၊ ကျွန်းသား၊ ယမနေသားများကိုလိုအပ်သော လုံးပတ်နှင့် အရှည်တစ်တောင့်ထွာခန့် ဖြတ်ယူ၍အထက်

ဖော်ပြသည့် ဖားစည်ပုံ သဏ္ဍာန်ကဲ့သို့ ပြုလုပ်ပြီး အတွင်းသားကို နှိုက်ထုတ်ရသည်။ အလိုအလျှောက် အပေါက်ရှိသော သစ်များကို အသုံးပြု၍မရပါ။ အနာအဆာ မရှိသော သစ်သားများကို ပြုလုပ်ရသည်။ ထို့ပြင် သစ်သားများကို စည်ပုံစံပြုလုပ်ပြီး အရှေ့ဖက် အပိုင်း မျက်နှာစာအတွက် ပိတ်ရန် သားရေကြွတ်များကို အသုံး ပြုရသည်။ စည်တော်ဘေးပတ်လည်တွင် ဆွဲတင်းရန် ကြိုးများကိုလည်း ရှေးအခါက သားရေကြွတ်နှင့် ပြုလုပ် ပါသည်။ ယခုမျက်မှောက်ခေတ်တွင် သားရေကြွတ် ရှားပါးလာသောကြောင့် ပလတ်စတစ်ကြိုးများ ပြန်လည် တပ်ဆင် အသုံးပြုလာခြင်းကို လေ့လာတွေ့ရှိရသည်။

**ဂိန်(ခေါ်)မိကျောင်းလျှာ**



ကရင်တူရိယာများအထဲတွင် ဂိန်(ခေါ်) မိကျောင်းလျှာသည် သီးသန့်တူရိယာတစ်မျိုးဖြစ်သည်။ အခြားသော တူရိယာများနှင့် တွဲဖက်တီးမှုတ်ခြင်း မရှိချေ။ ဂန်(ခေါ်) မိကျောင်းလျှာ တူရိယာသည် ပိုးကရင်အခေါ် ဖြစ်သည်။ စကောကရင်အခေါ်မှာ “တဟီ” ဖြစ်သည်။ ဂိန်(ခေါ်) မိကျောင်းလျှာ၏ တီးခတ်ပုံမှာ အပေါ်နှုတ်ခမ်းကို တေ့ထား၍ ထိပ်ပိုင်းပြားကို လက်ညှိုးနှင့် ခတ်ပေးရသည်။ ကျွဲချိုမှုတ်သလို လေကို အသုံးပြုပြီး မှုတ်ရသည်။ ဂိန်(ခေါ်)မိကျောင်းလျှာ၏ အသံမှာ ညအခါ လူခြေတိတ်ချိန်တွင် ပုရစ်အော်သံလို အသံထွက်ပါသည်။

ရှေးအခါက လူပျို၊ အပျိုများ အလွန်နှစ်သက်သော တူရိယာတစ်မျိုးဖြစ်ပါသည်။ တောရွာဓလေ့အရ ကရင်လူမျိုးများသည် တေးကဗျာ၊ လင်္ကာများဖွဲ့နွဲ့၍ ဂိန်(ခေါ်) မိကျောင်းလျှာ မှုတ်ကြသည်။

ဂိန်(ခေါ်)မိကျောင်းလျှာ ပြုလုပ်ပုံတင်ပြရမည်ဆိုလျှင် ဦးစွာအရင့်မှန်ဝါးခြမ်းပြားအရှည် တစ်ထွာကျော်ခန့်ဖြတ်ယူ၍ ဝါးခြမ်းအလယ်ကို အနည်းငယ် ဟိုက်၍ လှီးထုတ်ရသည်။ ထို့ပြင် လှီးပြီးဝါးခြမ်း

ထိပ်ပိုင်းကို တီးခတ်ရန်အတွက် လက်တစ်လုံးစာခန့် ဟိုက်ရသည်။ အသံထွက်ရန်အတွက် ဟိုက်ထားသော ဝါးခြမ်းသည်ကို လျှာခင်ဟိုက်ထုတ်ပေးရသည်။ ထိုမှ ဂိန်(ခေါ်) မိကျောင်းလျှာ တစ်လက်ဖြစ်လာသည်။ ထီးကိုင်တံနှင့် ပြုလုပ်သော ဂိန်(ခေါ်)မိကျောင်းလျှာ သည်လည်း ထိုနည်းတူစွာပင်ဖြစ်သည်။

သို့ဖြစ်၍ ရှေးအခါက ကရင်လူမျိုးများသည် မိမိကြိုက်နှစ်သက်သော ပျိုမေများကို တိုက်ရိုက် ချစ်စကား မဆိုဝံ့ပေ။ ထား ခေါ် တေးကဗျာ, လင်္ကာများ ဖွဲ့ဆို၍ ဂိန်(ခေါ်) မိကျောင်းလျှာအသံကို မှုတ်ကာဖွင့်ဆိုကြ သည်။ ပျိုမေများမှာလည်း ဂိန်(ခေါ်)မိကျောင်းလျှာကို မှုတ်၍ ပြန်လည်ချေပ ကြသည်ဟု ရှေးလူကြီးသူမများ ပြောပြချက်အရ လေ့လာသိရှိရပါသည်။

# ကရင်အိုးစည်



ကရင်လူမျိုးတို့၏ တူရိယာများထဲတွင် ကရင်အိုးစည်သည် အခြားသော တူရိယာများနှင့် တွဲဘက်၍ အဓိကအသုံးပြုကြသည်။ ကျေးလက်တောရွာ များသည် လက်ထပ်မင်္ဂလာပွဲ၊ သတို့သား ပို့ဆောင်ရာတွင် (အင်းကိုလါမုဂ်) ခေါ် အောင်းတလာမောက် ဓလေ့ကို အသုံးပြုကြပါသည်။ အခြားလူမှုရေး ပွဲများ၊ ကရင်ရိုးရာဒုံးအကပြိုင်ပွဲများတွင်လည်း မပါမဖြစ်သော တူရိယာ တစ်မျိုးဖြစ်ပါသည်။

ကရင်အိုးစည်ပြုလုပ်ပုံမှာ အထက်ကဖော်ပြခဲ့သော ကရင်စည်တော်နှင့် အတူတူဖြစ်ပါသည်။ ကရင်တိုင်းရင်းသားတို့ ဒုံးအက ကရာတွင် တွဲဖက်အသုံးပြုသည့် တူရိယာများသည် ဖားစည်၊ ကျွဲချို၊ ဘင်၊ နှဲ၊ အိုးစည်၊ မောင်း၊ လင်ကွင်း၊ စည်း တူရိယာများတို့နှင့် တွဲဖက်တီးမှုတ်ပြီး ကကြပါသည်။

**ကရင် ဒုံးကရာတွင် အသုံးပြုသော ပစ္စည်းများ**



ဖားစည်



ဘင်



စည်း



ကျွဲချို



လင်ကွင်း



မောင်း



**အိုးစည်**

## အရှို(ချင်း)တိုင်းရင်းသားတို့၏ တူရိယာများအကြောင်း

ဝါးပုလွေကို ကရင်ဝါး(ယခါး)ဖြင့် ပြုလုပ်သည်။ အဆစ်ရှည်၍ဖြောင့်သော အသားပါးသောဝါးကို ရွေးချယ်၍ ပြုလုပ်ရသည်။ ဝါးကိုခုတ်ပြီး အခြောက်လှမ်းရသည်။ ဝါးကို(၁၄)လက်မ အရှည်ပိုင်းပြီး အနားသတ်ရသည်။ ဝါးလုံးခေါင်းအကျယ်သည် (၁)လက်မဆိုလျှင် အနေတော်ဖြစ်သည်။ မှုတ်သည့်ဘက်ကို အရင်းဘက်အပိုင်းအား ထားရသည်။ ပုလွေ အပေါက်ဖောက်ရာတွင် သံချွန်စ (သုန်ကလုတ်စူ)ကို မီးအပူပေးပြီး အပေါက်ဖောက်ရသည်။ အပေါက်ကို(၇) ပေါက်ဖောက်ရသည်။ ထိပ်ဆုံးတွင် စတုရန်းပုံ အပေါက်ကြီးဖောက်၍ ပျားဖယောင်းဖြင့် ပိတ်ရသည်။ ထို့နောက် စတုရန်းပုံ(နှာပေါက်)ကို ပြောင်းဖက်ဖြင့်ပက်ရသည်။

ပုလွေသည် ညော့ခံပွဲ(သို့မဟုတ်) အပျို၊လူပျို သုံးသည့် အခန်းတွင်ထားရှိသည်။ ညနေတောင်ယာမှ အပြန် အိမ်သို့ရောက်ကြသောအခါ အပျို၊လူပျိုများကို ပုလွေသံဖြင့် ခေါ်ယူစုရုံးကြသည့်အခါတွင် အသုံးပြုကြပါသည်။







ချင်းဗုံ (ဆန်းပလုံ) ကို အရှိုရိုးရာပွဲများ၊ အရှိုရိုးရာ အကများတွင် တီးမှုတ်ရသည်။ ယမနေပင် (အဝုန်း)၏ အရင်းကိုအဝကျယ်၍ အဖျားကိုအဝကျဉ်းပြီး အခေါက်ထွင်း ပြုလုပ်ရသည်။ ထိုပင်ကို ဆယ်နှစ်သားခန့်မှစ၍ အသုံးပြု နိုင်ပါသည်။ အသုံးပြုမည့် သစ်ပင်ကို ခုတ်ပြီးနောက် ချင်းဗုံဆိုဒ်အရွယ် အပိုင်းများပိုင်းဖြတ်ကာ အပေါ်လွှာကို ခုတ်ဖျဉ်းပြီးအိမ်သို့ သယ်သွားသည်။ အိမ်ရောက်လျှင် လွန်ဖြင့်ဖောက်၍ ဆောက်ခုံးဖြင့် ထွင်းပြီး ၁.၂၅ လက်မ

အထူချုန်၍ အချောသတ်ရသည်။ သားရေပတ်ရန် အတွက် အဝအကျယ်ကို နွားသိုးသားရေ၊ အဝအကျဉ်းကို နွားမပျို သားရေဖြင့် ကျစ်ရသည်။ ဤကဲ့သို့ သားရေကို ကျစ်ရာတွင် သားရေကို ရစ်ပတ်၍ ကျစ်ရသည်။ ချင်းဗုံကို အသံထွက် ကောင်းစေရန်အလယ်မှ အပေါက်ငယ် ဖောက်ရသည်။ အသံထွက် ထိန်းညှိရန် သားရေကြိုးပြား (သံလှယ်ရွေး) တပ်ဆင်ရသည်။

မောင်းကြီး၊ လင်ကွင်းနှင့် ဗုံတိုတို့သည် ကခုန်ရာ တွင်အသုံးပြုသည့် တူရိယာပစ္စည်းဖြစ်သကဲ့သို့ မောင်းကြီး နှင့် လင်ကွင်းသည် ချင်းတို့ရိုးရာအရ အမွေပစ္စည်းအဖြစ် လည်း လက်ဆင့်ကမ်းပေးအပ်အသုံးပြုကြပါသည်။



အရှို (ချင်း) တူရိယာဖြစ်သော ထီးနန်ခုံ(၂)မျိုးရှိပါသည်။ ထီးနန်ခုံနှင့် လေဆေဖြစ်ပါသည်။ ထီးနန်ခုံကို ကရင်ဝါးဖြင့် ပြုလုပ်ရပါသည်။ ထီးနန်ခုံကို အပ်ချောင်းသာသာ(၃)ချောင်းခွဲထားရပါသည်။ အလယ်ချောင်း၏ အနောက်ဘက်တည့်တည့်တွင် အပေါက်ဖောက်၍ ကြိုးတပ်ရပါသည်။ လေဆေကို ကြေးဖြင့်ပြုလုပ်ရပါသည်။ လေဆေကို အောက်ခြေလုံးဖန်ဘူးပုံစံဖြင့် ပြုလုပ်၍ အလယ်တွင် ကြေးချောင်းငယ်လေး တပ်ဆင်ရသည်။





ထီးန်ခုံ/လေဆေသည် ချစ်သူ၊ သမီးရည်းစား တစ်ဦးနှင့် တစ်ဦး ချစ်ကြိုးသွယ်ရာတွင် ဘေးလူ(သို့မဟုတ်) မိဘ၊ မောင်ဘွားများမသိအောင် စကားဝှက်အဖြစ် ပြောဆိုရာတွင် အသုံးပြုကြပါသည်။

## ရွှေဂျီညို(ပဟီး) အက၏ သမိုင်းကြောင်း

ရွှေဂျီညိုအက၏ သမိုင်းကြောင်းအစ ဆင်းသက်လာပုံကို လေ့လာကြည့်သောအခါ ရှေးအခါကာလက မဟာမြိုင်တောတွင်ရှိသော မုန်းစပက်မြို့မှ မိုးကောင်း၊ မိုးညှင်းမြို့သို့ ပြောင်းရွှေ့လာကြပြီး ချင်းလေးမှုံတို့ မိသားစုတောင်ယာထဲတွင် ကျန်ခဲ့၍ ပြန်လာခေါ်ခဲ့သော ဆူမှုံနှင့်ဆူကပ်တို့ ညီအစ်ကိုနှစ်ဦးမှ ဆင်းသက်လာကာ အစ်ကိုဖြစ်သော ဆူမှုံနှင့် ချင်းလေးမှုံ၏သမီး ပွဲအွမ်တို့မှ အိမ်ထောင်ကျပြီး “ဖီဟော်”ခေါ်သော သားတစ်ယောက်ကို ဖွားမြင်ခဲ့သည်။ ဖီဟော်ဟုခေါ်တွင်ရသည်မှာ ဆူမှုံနှင့် ဇနီးပွဲအွမ်တို့သည် မိမိတို့၏သားကို အလွန်ချစ်မြတ်နိုးကြသောကြောင့် နတ်ပေးသောရတနာထုပ်ကဲ့သို့ ယူဆကာ သားလေး၏နာမည်ကို “ဖီဟော်”ဟု ရှမ်းဘာသာဖြင့် မှည့်ခေါ်ခဲ့သည်။ “ဖီ”သည်နတ်ဖြစ်ပြီး၊ “ဟော်”သည် အရာဝတ္ထုကို ထုတ်ထားသောအထုပ်ဟု အဓိပ္ပာယ်ရသဖြင့် မြန်မာဘာသာဖြင့် “နတ်ပေးသောသား”ဟု အဓိပ္ပာယ်ရကြောင်း သိရပါသည်။

ဆူမှုံနှင့် ဇနီးပွဲအွမ်တို့၏သား ဖီဟော်သည် လူလား မြောက်လာသောအခါ ထိန်းသိမ်း မရလောက်အောင် ဆိုးသွမ်းလှသဖြင့် ဖခင်ဖြစ်သူဆူမှုံသည် ဆိုဆုံးမ မရ ဖြစ်နေသော မိမိ၏သား ဖီဟော်ကို ရင်သွေးသားရင်းဖြစ်၍ ချစ်ရသော်လည်း အများဆန္ဒနှင့်အညီ ခေါင်းဆောင်တစ်ဦး၏ ရိုးသားဖြူစင်မှန်ကန်လှသော အသိတရားအဆုံးအဖြတ်ကို လက်ကိုင်ထားကာ သားတော်ဖီဟော်ကို နယ်မြေမှ နယ်နှင်ဒဏ် ပေးလိုက်သည်။

ဖီဟော်သည် မိဘမှနယ်နှင်ဒဏ်ပေး၍ မောင်းထုတ် ခဲ့သဖြင့် နေရာမဲ့သွားသောကြောင့် ရှေးအခါက ဘိုးဘွားတို့ နေခဲ့ဖူးသော နေရာဖြစ်သည့် မဟာမြိုင်တောသို့ဝင်ကာ မုန်းစပက်မြို့ဟောင်းတွင် ကျက်စားနေထိုင်ခဲ့သည်။

တစ်နေ့သောအခါ မုဆိုးကြီးဖီဟော်သည် မိမိနေထိုင် ကျက်စားနေရာ မဟာမြိုင်တောတွင် အမဲလိုက်ထွက်သွား သောအခါ သမင်၊ စိုင်၊ ဆပ်၊ ဂျီ၊ သိုးကောင်များ ကျက်စား သွားလာကြသည်ကို တွေ့ရှိခဲ့ရသဖြင့် လိုက်လံ၍လေး၊ လှံလက်နက်တို့ဖြင့် ပစ်ခွင်းလိုက်သောအခါ ဂျီတစ်ကောင်ကို ထိမှန်ခဲ့လေရာ ဂျီသည် မုဆိုးကြီးဖီဟော် ပစ်လိုက်သော

မြွားချက်ဖြင့် ချက်ကောင်းကို ထိမှန်ခြင်းမရှိသဖြင့် ဒဏ်ရာနှင့် တောတောင်ထူထပ်သောနေရာသို့ ထွက်ပြေး သွားလေသည်။ မုဆိုးကြီးဖီဟော်သည် မိုးချုပ်သွားသဖြင့် ဂျီသားဖြတ်ရန် အချိန်မရသောကြောင့် ဂျီသေကောင်ရှိရာ တောင်စောင်းကမ်းပါးယံတွင်ပင် ညအိပ်ခဲ့ရလေတော့သည်။

မုဆိုးကြီးဖီဟော်သည် ဂျီသေကောင်ကိုစောင့်၍ အိပ်နေချိန်တွင် လူဝံမကြီးတစ်ကောင်သည် ဂျီသေကောင်၏ သွေးစက်အနံ့ ရရှိခဲ့သဖြင့် ဖီဟော်စောင့်နေသော ဂျီသေကောင်ရှိရာသို့ ရောက်ရှိခဲ့လေသည်။ လူဝံမကြီးသည် ဖီဟော်အိပ်နေသည်ကို တွေ့မြင်လိုက်ရသောအခါ ဖီဟော်ကိုရန်မမူဘဲ နှစ်သက်သောအမူအရာဖြင့် ဖီဟော်ကို ယုယုယယပြုစုစောင့်ပေးခဲ့သည်။ ထိုသို့ဖီဟော်နှင့် လူဝံမတို့သည်ရင်းနှီးစွာ ပေါင်းသင်းနေထိုင်လာကြရင်း နှစ်ကာလကြာလာသောအခါ ဖီဟော်နှင့် လူဝံမတိုသည် တစ်ဦးနှင့် တစ်ဦးမေတ္တာမျှ၍ ပေါင်းသင်းနေထိုင် လာခဲ့ကြလေတော့သည်။ ဖီဟော်နှင့်လူဝံမတို့သည် မဟာမြိုင်တောတွင်ရှိ မုန်းစပက်မြို့ဟောင်းတွင် ကာလရှည်ကြာစွာ ပေါင်းသင်းနေထိုင်လာခဲ့ပြီးနောက် ဖီဟော်နှင့် လူဝံမတို့သည် သားတစ်ယောက် သမီးတစ်ယောက် ထွန်းကားလာခဲ့

တော့သည်။ ဖီဟော်နှင့်လူဝံမတို့၏ ကလေးများသည် မိခင်လူဝံနှင့် မတူဘဲ ဖခင်ဖီဟော်ကဲ့သို့ လူသားစစ်စစ်ပင် ဖြစ်လာကာ စကားလည်းပြောတတ်လာခဲ့ကြသည်။

ဖခင်ဖီဟော်သည် ကလေးများ၏ နောင်ရေးအတွက် တွေးတော ပူပင်လာမိလေတော့သည်။ မိမိ၏ ကလေး များအား လူသည်လူ့အဖွဲ့အစည်းနှင့် ပေါင်းသင်း ကျက်စားနေထိုင်သင့်ကြောင်းကို ပြောပြခဲ့လေသည်။ ဖီဟော်သည် မိမိ၏ ကလေးများအတွက် နောင်ရေးကို ပူပန်ပြီး မိဘတို့ရပ်ရွာကိုပြန်လိုသော်လည်း မိဘတို့မှ ပြစ်ဒဏ်ပေး၍ မောင်းလာခဲ့သည်ကတစ်ကြောင်း၊ လူဝံ၏ သံယောဇဉ်ကို ထောက်ထားညှာတာသည်က တစ်ကြောင်း ကလေးများနှင့် ပြန်ရန် ကြိုးစားသော်လည်း မပြန်ဖြစ်ခဲ့ပေ။

တစ်နေ့တွင် ဆူမှုံတို့နေထိုင်သော ရပ်ရွာ (ယခု မေတ္တာ၊ မူးပေါက်နေရာ)တွင် ဆူမှုံကွယ်လွန်သွားခဲ့ပြီး "အဘအရာခံသား၊ နောင်ဘွားအရာခံညီ" ဟူသော အစဉ်အလာအတိုင်း ဖီဟော်မရှိခဲ့သဖြင့် အစ်ကို၏ အရိုက် အရာကို ညီဖြစ်သူ ဆူကပ်မှ ဆက်ခံ အုပ်ချုပ်ခဲ့လေသည်။ ဆူကပ်လည်း ကွယ်လွန်သွားပြန် သောအခါ ဆူမှုံ၏သား

ဖီဟော်ရှိနေကြောင်း စည်းဝေး တိုင်ပင်ညှိနှိုင်းကြပြီး ဖီဟော်အား မိဘမှ နှင်ထုတ်ထားသည်ကို လိုက်ရှာရန် တာဝန်ပေး၍ စေခိုင်းလိုက်လေသည်။

ဖီဟော်အား လိုက်ရှာကြသူများသည် ဖီဟော် ထွက်ခွာရာအရပ်သို့ လိုက်လံရှာဖွေခဲ့ကြရာ မဟာမြိုင် တောတွင်းရှိ မုန်းစပက်မြို့ဟောင်း တစ်နေရာတွင် ဖီဟော် နှင့် သားတစ်ယောက် သမီးတစ်ယောက်တို့ကို ရှာဖွေတွေ့ရှိခဲ့ ကြလေသည်။ ဖီဟော်ကိုတွေ့ရှိကြသည့်အခါ ဖခင်ဆူမှုံနှင့် ဦးလေးဆူကပ်တို့ ကွယ်လွန်ကုန်သဖြင့် အုပ်ချုပ်စီမံရန် လိုက်ရှာခဲ့ရကြောင်း ပြောပြခဲ့သောအခါ ဖီဟော်သည် လူဝံမ၏သံယောဇဉ်ကို သိရှိနားလည်ခဲ့သော်လည်း မနေသာတော့ဘဲ ကလေးများ၏ ဘဝနောင်ရေးကို ရှေးရှုလျက်ကလေးများ လူဘဝ လူ့အသိုင်းအဝိုင်း နှင့် ကင်းကွာသွားမည်ကို စိုးရိမ်ပူပန်နေခဲ့သောကြောင့် လူဝံမ အစာရှာထွက်သွားနေခိုက်ကို ကလေးနှစ်ယောက်ကို ခေါ်၍ ပြန်လိုက်လာခဲ့သည်။

လူဝံမသည် ညနေစောင်း၍ အစာရှာပြီးပြန်လာ သောအခါ ဖီဟော်နှင့် သားသမီးများကို မတွေ့ရ၍

ဖိုဟော်နှင့် သားသမီးများကို တွေ့လိုဇောဖြင့် ညအချိန် မိုးသည်းထန်စွာ ရွာနေခဲ့သော်လည်း မအိပ်နိုင် မစားနိုင် ဖြစ်ကာ လင်နှင့် ကလေးများ သွားလေရာအရပ်ကို မှန်းဆပြီး အနံ့ခံ၍ လိုက်ရှာခဲ့လေသည်။ ဖိုဟော်နှင့် သား သမီးတို့သည်လည်း မိုးသည်းထန်စွာ ရွာနေခဲ့သောကြောင့် ရေကြီးရေလျှံမဖြစ်ခင် စည်းလိမ်းချောင်း တစ်ဖက်ကမ်းကို ကူးခတ်နိုင်ရန်အတွက် ဖိုဟော်နှင့် လာခေါ်သူများသည် သားသမီးများကို ပွေ့ချီလျှက် အမြန်ထွက်လာခဲ့ကြရာ စည်းလိမ်းချောင်း တစ်ဖက်ကမ်းကို ကူးနိုင်ခဲ့ကြလေသည်။

လူဝံမကြီးသည်လည်း ဖိုဟော်နှင့် သားသမီးတို့ကို လိုက်ရှာခဲ့ရာမှ စည်းလိမ်းချောင်း တစ်ဖက်ကမ်းသို့ ရောက်ရှိလာသည့်အခါ စည်းလိမ်းချောင်း တောင်ကျရေ များသည် တလဟော စီးဆင်းလာကာ ရေများပြည့်လျှံ၍ အရှိန်ပြင်းစွာ စီးဆင်းနေလျက်ရှိရာ ချောင်းတစ်ဖက်တွင် ရှိနေသော ဖိုဟော်နှင့်သားသမီးကို မြင်ရသောအခါ သား သမီးတို့ကို အော်ခေါ်သံပေးကာ ချောင်းကိုဖြတ်ကူးနိုင်ရန် အတန်တန်ကြိုးစားလျက် တိရစ္ဆာန်ပင်ဖြစ်သော်ငြားလည်း မိခင်၏သောက ဗျာပါဒရောက်ကာ ရေပြည့်လျှံနေသော ချောင်းဘေးတစ်လျှောက် လူးလာခေါက်ပြန် စုန်ဆန်

ပြေးလွှား၍ သောကရောက်နေချိန်တွင် မျှောပါလာသော သစ်ပင်ကြီး၏ အကိုင်းအခက်နှင့် တိုးခတ်ရိုက်မိကာ လူဝံမကြီးအသက် သေဆုံးသွားခဲ့လေသည်။

ဖီဟော်နှင့် သားသမီးတို့သည်လည်း မိခင်လူဝံမ ပြန်လိုက်လာခဲ့သည်ကို မြင်ခဲ့ရသဖြင့် တစ်ဦးပေါ်တစ်ဦး သံယောဇဉ်ကြောင့် စောင့်မျှော်ခဲ့လေရာ တောင်ကျရေ လျော့နည်းသွားသောအခါ စည်လိမ်းချောင်း တစ်ဖက်ကမ်းသို့ ပြန်ကူး၍ မိခင်လူဝံမကြီးကို လိုက်ရှာခဲ့ရာ လူဝံမကြီးသည် လက်တစ်ဖက်တွင် မိမိလင်နှင့် သားသမီးများ ကြိုက်နှစ်သက်တတ်သော သစ်သီးတုံးများကို ကိုင်ဆောင်ကာ မျက်ရည်စက်လက်ဖြင့် ဒဏ်ရာရကာ အသက်သေဆုံးနေသော လူဝံမကြီးကို တွေ့ရှိခဲ့ရလေသည်။ ဖီဟော်နှင့် သားသမီးတို့သည် မိခင်လူဝံမကြီးကို ကောင်းမွန်စွာ မြှုပ်နှံထားခဲ့ပြီးလျှင် ဖီဟော်ကို လာခေါ်သော ရွာသားတို့နှင့်အတူ ဖခင်ဆူမှုံတို့ နေထိုင်ခဲ့ရာရပ်ရွာ (ယခုဆူမှုံ နတ်နန်းရှိရာ)သို့ပြန်လာခဲ့ကြသည်။ လူဝံမကြီးကွယ်လွန် သေဆုံးသွားသောချောင်းကို စည်လိမ်းချောင်းမှ တစ်ဖန် မိခင်မေတ္တာကြီးမားပုံကို အကြောင်းပြု၍(ယခုထက်တိုင်) မေတ္တာချောင်းဟု ခေါ်ဝေါ်စွဲကျန်ခဲ့လေသည်။

ဖီဟော်သည် မိဘရပ်ရွာသို့ ပြန်ရောက်သောအခါ ရပ်ရွာမှ နှင်ထုတ်ထားသော ဖီဟော်ကို မြင်တွေ့ကြလျှင် တအံ့တသြဖြစ်ကြသော နတ်မျိုးနတ်နွယ်ဖြစ်သောကြောင့် တောထဲတွင် တစ်ယောက်တည်းနှစ်ပေါင်းများစွာ နေထိုင်ခဲ့သော်လည်း ဘေးအန္တရာယ်တစ်စုံတစ်ရာ မကျရောက်ဘဲ ပြန်လာခဲ့ရခြင်းဖြစ်သည်ဟု ယုံကြည်လာခဲ့ကြပေသည်။

မုဆိုးကြီးဖီဟော်သည် မိဘရပ်ရွာသို့ပြန်ရောက်သောအခါ ဦးလေးဖြစ်သူဆူကပ်၏ အရိုက်အရာဖြစ်သည့် ထူးယဉ်(ကနန်း)နွယ် အကြီးအကဲအဖြစ် ဆက်ခံခဲ့လေသည်။ ဖီဟော်သည် ထူးယဉ်(ကနန်း)နွယ် အကြီးအကဲဖြစ်လာသောအခါ သံဝေဂတရားရပြီး မိမိငယ်စဉ်အခါက မိဘရပ်ရွာကို ပြစ်မှားမိုက်မှားမိသမျှကို ဝန်ချတောင်းပန်ပြီး နောင်တကြီးစွာ ရလေတော့သည်။ ထို့ကြောင့် ကွယ်လွန်သွားကြရှာပြီဖြစ်သော အဘနှင့် ဦးလေးတို့အား မြှုပ်နှံရာ သုသာန်သို့သွား၍ မိမိပြစ်မှားမိသမျှကို အပြစ်တို့မှ ခွင့်လွှတ်ပေးပါရန် တောင်းပန်ခဲ့သည့်အပြင် မိမိနှင့်တကွ ထူးယဉ်(ကနန်း)မျိုးနွယ် များအားလည်း မိဘနှင့်ဦးလေးတို့ အသက်ထင်ရှား ရှိစဉ်သကဲ့သို့ စောင့်ရှောက်ပေးရန် တောင်းပန်ခဲ့လေသည်။ ဖခင်ဆူမှုံနှင့် ဦးလေးစူကပ်ဖြစ်သူ

တို့အား နေထိုင်ရန်အတွက် နတ်ကွန်းအဆောက်အဦး နှစ်ဆောင်ကိုလည်း ဆောက်လုပ်ပေးခဲ့သည်။ ဖခင်နှင့် ဦးလေးတို့အား ဖီဟော်မှ ဦးဆောင်၍ ထူးယည်(ကနန်း) နွယ်ဖွားတို့သည် နှစ်စဉ်နှစ်တိုင်း ကောက်ဦးကောက်သစ် ပေါ်ချိန်ရောက်တိုင်း အိမ်တိုင်း ကျွဲသားဟင်း၊ ကြက်ဥနှင့် ကောက်ဦးကောက်သစ်ကို ယူဆောင်လာခဲ့ကြပြီး ထူးယည် (ကနန်း)နယ်အားလုံး တစ်ချိန်တည်း၊ တစ်ရက်တည်း ဆူမှို၊ ဆူကပ် နတ်ပူဇော်ပသပွဲကို ကျင်းပသည့်ထုံးစံသည် ကနန်းနယ်တွင် ယနေ့အချိန်အထိ ကနန်းတို့၏ ရိုးရာ မပျက်ဆူမှို၊ ဆူကပ် နတ်ပူဇော်ပသခဲ့ကြလေသည်။ မုဆိုးကြီး ဖီဟော်သည် တူးယည်(ကနန်း)အမျိုးနွယ်များကို အုပ်ချုပ်နေစဉ် ကာလတစ်လျှောက်လုံးတွင် ရွာသားများအား မိမိတတ်မြောက် ထားသော တောလိုက်မုဆိုး အတတ်ပညာကို သင်ကြားပေး ခဲ့လေသည်။ ဖီဟော်သည်လည်း အသက်အရွယ် အိုမင်း လာပြီး သက်ရှိသတ္တဝါတို့၏ သင်္ခါရသဘောအရ မုဆိုးကြီး သေဆုံးသွားလေသည်။





မုဆိုးကြီးဖိုးဟော် သေဆုံးသွားသောအခါ ဖိုးဟော်သည် (တူးယဉ်) မျိုးနွယ်စစ်ဖြစ်သော်လည်း လူဝံမနှင့် ပေါင်းဖက်ခဲ့ပြီး မျိုးနွယ်မတူသောဖိုးဟော်နှင့် လူဝံမတို့၏

သားကို အကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်း မပြုကြတော့ပဲ ထူးယဉ်(ကနန်း)မျိုးနွယ် စစ်ဦးဆောင် ညွှန်ကြားနိုင်သောသူကိုသာ ရပ်ရွာပြည်သူ၏ သဘောကျ ရွေးချယ်ပြီး အကြီးအကဲကို တူးယဉ်နွယ်မှလူကို စတင် ရွေးချယ်ခဲ့ကြသော အစဉ်အလာသည် ကနန်းနွယ်တွင် ယနေ့အချိန်အထိ အစဉ်အလာအတိုင်း ပြည်သူသဘောကျ ရွေးချယ်အုပ်ချုပ် သော အစဉ်အလာရှိခဲ့လေသည်။

မုဆိုးကြီးဖီဟော် သေဆုံးပြီးနောက် ဖီဟော်အား အရပ်သူအရပ်သားများကို အုပ်ချုပ်ခဲ့သော အကြီးအကဲ ဖြစ်သောကြောင့် ရွာသူရွာသားများက ညှိနှိုင်းတိုင်ပင်ကြ ပြီးလျှင် ဆူမှုံနှင့် ဆူးကပ်များကဲ့သို့ မိမိတို့၏ တူးယဉ် (ကနန်း) မျိုးနွယ်တူ ခေါင်းဆောင်အကြီးအကဲများလည်း တူးယဉ်(ကနန်း) မျိုးနွယ်စုကို ဆက်လက်ပြုစု စောင့်ရှောက် ပေးရန်အတွက် ဆူမှုံ၊ ဆူကပ်နတ်နန်း၏ အနောက်ဖက် တောတစ်နေရာ နတ်ကွန်းတစ်ခု ဆောက်လုပ်ပြီး နှစ်စဉ်နှစ်တိုင်း ဆူမှုံ၊ ဆူကပ် နတ်ကိုးကွယ်ပြီးနောက် ဖီဟော်မုဆိုးနတ်အားလည်း "ဂျီ" တစ်ကောင်လုံးကို ဟင်းချက်ကာ ပူဇော်ပသခဲ့လေသည်။ ဆူမှုံ၊ ဆူကပ်ကို ပသသကဲ့သို့ ဖီဟော်နတ် ပသသောအခါတွင်လည်း

ပူဇော်ပသပြီးနောက် လုယူ စားသောက်ခြင်းမပြုလုပ်ရဘဲ မိမိမိုက်မှားမိခဲ့သမျှ နောင်တရကာ ဖီဟော်နတ်ပူဇော် ပသရန်လာခဲ့ကြသော ပုဂ္ဂိုလ်များသည် ဟင်းခွက် သို့မဟုတ် သောက်ရေခွက်တစ်ခုစီနှင့် ကြက်ဥ၊ ကောက်ဦး ကောက်သစ်၊ စားဦးသောက်ဦးကို ယူဆောင်လာခဲ့ကြ၍ ဖီဟော်နတ်အား ပူဇော်ပသလာသူ အားလုံး ယူဆောင်လာသော ခွက်ထဲသို့ အညီအမျှခွဲဝေပေးပြီး စားသောက်စေခဲ့သော ဓလေ့ထုံးစံ သည်လည်း ယနေ့အချိန်အထိ ကျန်ရှိခဲ့လေသည်။

ဖီဟော်နတ်အား ပူဇော်ပသရန် နှစ်စဉ်နှစ်တိုင်း ကောက်ဦးကောက်သစ်ပေါ်ချိန် ဆူမှုံ၊ ဆူကပ်နတ် ပူဇော် ပသပြီးနောက် ထူးယဉ်(ကနန်း) မျိုးနွယ်စုတို့သည် ဖီဟော် သင်ပေးသော မုဆိုးအတတ်ပညာဖြင့် တောလိုက်ထွက်ကြသော အစဉ်အလာသည် ထိုအချိန်မှစ၍ ယနေ့အချိန်ထိ ထိန်းသိမ်းလျက် ကျန်ရှိနေခဲ့သေးသည်။









ရှေးအခါက ဘိုးဘွားများသည် ဖီဟော်နတ်ပူဇော်ပသရန် အသင်းလိုက်အဖွဲ့လိုက်စုစည်းပြီး တောလိုက်မုဆိုးအဖြစ်ထွက်၍ ဂျီလိုက်ကြသော ထုံးစံဓလေ့ကို မှီငြိမ်းကာ ဖီဟော်သင်ပေးထားသော တောလိုက်မုဆိုးအဖွဲ့များ အကြောင်းကိုလည်း မေ့ပျောက်သွားခြင်း မရှိရလေအောင် ပျော်ပွဲရွှင်ပွဲ၊ အလှူပွဲတော်များ၊ ထူးယဉ်(ကနန်း)လူများ ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုပွဲတော် အလားဖြစ်သည့်သီတင်းကျွတ်လ ဝါကျွတ်ကာလများတွင် (ရွှေတိုညို) အရုပ်အမည်ပေးကာ သမင်၊ ဆပ်၊ ဆိတ်၊ စိုင်၊ သိုးကောင်၊ ဂျီစသော အရုပ်အမျိုးမျိုးကို မိမိတို့၏ အနုပညာစိတ်ကူးများဖြင့် ကြံဆကြပြီးလျှင်ပွဲသို့ လာရောက်ကြည့်ရှုကြသော ကလေး၊ လူကြီးများအားလုံး၏ စိတ်တွင် သဘောကျနှစ်သက်ဖွယ်ကောင်းပြီး ဟာသလည်းမြောက်အောင်ရုပ်ပြောင်များကို တီထွင်ကာ ရုပ်လုံးတစ်ရုပ်တစ်ကောင်ကို နှီးများဖြင့် ယက်လုပ်ပုံဖော်ကာ ကပြခဲ့ကြသည်။

ရှေးယခင် ဘိုးဘွားများသည် အရုပ်ကို တီထွင်ကြရာတွင် အရုပ်၏ဦးခေါင်းကို သမင်၊ ဂျီပုံသဏ္ဍာန်ဖော်ထားခဲ့ပြီး ကိုယ်ကောင်ကို ခြင်းများယက်လုပ်၍ ကိုယ်ထည်အမွေးများစုပ်ဖွား တွဲလောင်းကျစေရန် လျှော်ပင်မှ လျှော်နီစ

များကို ခွာပြီးအသေးစိပ်များခွဲကာ တစ်ကိုယ်လုံးကို ဖုံးလွှမ်းအောင် မွန်းမံစီရင်ထားခဲ့သော အရုပ်ကိုပင် သမင်၊ ဂျီ မည်သည့်အရုပ်သဏ္ဍာန်ပင် ဖြစ်သော်လည်း ထူးယဉ် (ကနန်း) လူမျိုးတို့၏ အခေါ် ပညတ်သဘောအရ “ရွှေတိုညို” အရုပ်အမည် တပ်ပေးခဲ့ကြလေသည်။ ထိုသို့ ရွှေဂျီညိုပွဲဝင် ရုပ်ပြောင်အက ကသောအခါ တီးမှုတ်ခဲ့သော တူရိယာများမှာ ဗုံညီနောင်တစ်စုံ၊ နှဲ(သို့မဟုတ်) ပုလွေ၊ လင်းကွင်းနှင့် ဝါးလက်ခုတ်များဖြင့်သာ တီးမှုတ်ခဲ့ကြသည်။

တီးလုံးတီးခဲ့ကြသော ရှေးဘိုးဘွားများသည် တောင်ရှည် ပုဆိုးကိုဝတ်ဆင်ကြပြီး ပုဆိုးအစွန်းတစ်ဖက်အရှည်ကို ပုခုံးပေါ်တင်ကာ တီးလုံးကို စတင်တီးလိုက်သောအခါ ရွှေဂျီညို အရုပ်ပြောင်သည်လည်း ထ၍ကလေသည်။ တီးလုံးတီးကြသူများကလည်း တီးရင်းပင် ဝိုင်းပတ်၍ ကွေးညွတ်ကာ ကခုံကြလေသည်ဟု ရှေးဘိုးဘေးများက မှတ်တမ်းတင်ရေးသားဖော်ပြ ထားခဲ့ကြလေသည်။

ရွှေဂျီညိုအကသည် ထူးယဉ်(ကနန်း) နွယ်တို့၏ ဒေသတစ်ခုလုံးတွင် ရှေးလူကြီးများ၏ ရှေးအကျဆုံး အကသည် ရွှေတိုညိုအကပင်ဖြစ်ကြောင်း သိရှိခဲ့ကြသည်။

ရွှေတိုညီုအကသည် ရှေးနှစ်ပေါင်း(၂၀၀) ကတည်းက အကဖြစ်ခဲ့သဖြင့် လူအများသဘောဆန္ဒသည်ကား အသစ်အဆန်းများကို ပိုမိုနှစ်သက်ကြသည့် သဘောရှိသဖြင့် ရိုးလွန်း၍ ခေတ်နှင့်မလျော်ညီသော ရွှေတိုညီုအက ရှေးထုံးတမ်း ရိုးရာဓလေ့အစဉ်အလာကို ပစ်ပယ်လိုကြကာ ခေတ်ကာလရွေ့လျားရာနောက်သို့ မျောပါလိုက်သွားခဲ့ကြသဖြင့် ရွှေဂျီညီုအကသည် မေ့မှိန်ပျောက်ကွယ်ခဲ့ရလေတော့သည်။

ထိုသို့ ပျောက်ကွယ်တိမ်မြုပ်နေသော ရှေးရိုးရာအကကို ပြန်လည်ဖော်ထုတ်လာချိန်တွင် ရွှေဂျီညီုအရုပ်ခေါင်းများ၊ ဗုံး ညီနောင်များကို ရှေးနှစ်ပေါင်းတစ်ရာကျော်ဘုန်းကြီးကျောင်းများတွင် လိုက်လံရှာဖွေစုဆောင်း မေးမြန်းကာလေ့လာမှုပြုပြီး သက်ကြီးရွယ်အို အသက်(၈၀)ကျော်ဘိုးဘွားများကို မေးမြန်းလေ့လာခဲ့ကြသော ရှေးရိုးရာထူးယဉ်(ကနန်း)လူမျိုးတို့၏ ရိုးရာအက ကဟန်၊ တီးဟန်များကို ပြန်လည်ဖော်ထုတ်သွားနိုင်ကြနိုင်စေရန် မှတ်တမ်းပြုထားခဲ့လေသည်။

ရွှေဂျီညိုအက အရုပ်ကို ရှေးရိုးရာ ထူးယဉ်(ကနန်း) လူမျိုးတို့၏ အကအဖြစ်အတည်ပြု သတ်မှတ်သွားနိုင်ကြစေရန်အတွက် (၅၁) နှစ်မြောက် ကနန်းတိုင်းရင်းသား ရိုးရာပွဲတော်တွင် ပြိုင်ပွဲတစ်ခုအဖြစ်ထည့်သွင်း၍ စတင်ပုံဖော်သွားနိုင်ရန်အတွက် ထည့်သွင်းရခြင်းဖြစ်ပါသည်။

ရွှေဂျီညိုရုပ်ပြောင်တစ်ခု ထည့်သွင်းရခြင်းသည်က ရှေးကနန်းလူမျိုးတို၏ လူနေမှုဘဝ၊ စားဝတ်နေရေး၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာတရားနှင့် ရှေးဘိုးဘွားတို့၏ ဂီတသဘင်ကို တီထွင်ကြံဆမှု အကြောင်းအရာများကို ယခုခေတ် (ပညာတတ်)ခေတ်ကာလ ကနန်းဒေသ လူငယ်မောင်မယ်များ ဆက်လက်၍ ကနန်းသမိုင်းအကြောင်းကို လေ့လာဖော်ထုတ်လာနိုင်ခဲ့ကြပြီး ကနန်းလူမျိုးများသည်လည်း မြန်မာအသိ၊ ကမ္ဘာသိအောင် ရှေးသားကြိုးစားဖွင့်ဟနိုင်ကြစေရန် ရေးသားတင်ပြအပ်ပါသည်။

## မွန်ပတ္တလားအကြောင်း

ပတ္တလားဟူသော ဝေါဟာရသည် သသ်ရိုက် ဘာသာနှင့် မွန်ဘာသာပေါင်းစပ်ခေါ်ဝေါ်ထားခြင်း ဖြစ်သည်။ သသ်ရိုက် ဘာသာတွင် အတီး၊ အမှုတ်ကို ဝါဒျပာဟုခေါ်ရာ မွန်လူမျိုးတို့က ရှေးပိုင်းကိုယူ၍ ဗာတ်ဟုခေါ်သည်။ မွန်ဘာသာကဠာ (ကလား) ဟူသော ဝေါဟာရသည် တာလျှားမှ ရွေ့လျောလာသော မြန်မာဘာသာ တလားနှင့် အတူတူပင်ဖြစ်၍ သေတ္တာဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် မြန်မာဘာသာ ပတ္တားသည် မွန်ဘာသာ ဗာတ်တဠာကို အသံလှယ်ထားခြင်းသာ ဖြစ်သည်။ ဟတ်ဆွဲ၏ မွန်အဘိဓာန်တွင် ပတ္တလား(ဝါ) ဗာတ်တဠာကို မွန်ဝေါဟာရအဖြစ် ဖော်ပြထားပေသည်။ သို့ရာတွင် အဓိပ္ပာယ်ဖွင့်ဆိုရာ၌ စက်ဝန်း၏ လေးပုံသုံးပုံရှိ မွန်တူရိယာ ဟုဖော်ပြထားသဖြင့် ပတ္တလားနှင့် ဗာတ်ကိုင် (လခြမ်း တူရိယာ) အမှတ်မှားခဲ့ခြင်းဖြစ်ပေသည်။ ထိုင်းတူရိယာတွင် ဗုံကဲ့သို့ အသံလှိုင်းတူရိယာကို ပတ်ဟုခေါ်သည်။ ပတ်ဆိုသည်မှာ သက္ကဋ္ဌဘာသာမှ ဆင်းသက်လာခြင်း ဖြစ်သည်။

ပတ္တလားသည် အကြိုသမိုင်းကာလက ပေါ်ပေါက်ခဲ့သော တူရိယာတစ်မျိုးဖြစ်သည်။ ပတ္တလားစတင်ထွန်းကားရာအရပ်ဒေသသည် ဝါးပင်များ ပေါက်ရောက်သည့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော မာလာယုကျွန်းဆွယ်၊ ဆုမတြာကျွန်းဆွယ်၊ ဂျာဗားကျွန်း၊ ထိုင်းနှင့် မြန်မာတို့ဖြစ်သည်။

မဒါဂါစကားမှ တိုင်းရင်းသားလူမျိုးတို့သည် မြေကြီးကိုကျင်းတူး၍ ၎င်းအပေါ်ဝါးခြမ်းများတင်ပြီးလျှင် တုတ်ဖြင့်တီးခတ်ကြသည်။ မြေကျင်းသည် ပတ္တလားအိမ် ကဲ့သို့လိုဏ်သံဖြစ်ပေါ်စေသည်။ ထို့နောက် ခြေဆန့်ထိုင်ကာ ပတ္တလားအဆံကဲ့သို့သော ဝါးခြမ်းပြားများကို ခြေထောက်ပေါ် ကန့်လန့်ဖြတ်တင်၍ တီးခတ်ခဲ့ကြသည်။ ထိုမှတဆင့် မျဉ်းပြိုင်တန်းထားသော သစ်တုံးနှစ်တုံးပေါ် အဆံများကန့်လန့်ဖြတ်တင်၍ တီးသောအဆင့်ကို ရောက်လာသည်။ ထို့နောက် အဆံများကို ကြိုးနှင့်သီပြီး ငုတ်တုတ်လေးတိုင်တွင် ချိတ်၍တီးလာ ကြသည်။ နောင်အခါ ပတ္တလားရွက်အောက်တွင် ဗူးအိုးများခံကာ တီးလာကြပြီးနောက် လေးထောင့်သေတ္တာပေါ်တွင် အဆံတင်၍ တီးခတ်လာကြသည်။



ပတ္တလားသည် အကြမ်းအားဖြင့် သုံးမျိုးသုံးစားရှိသည်။ အုံးခံသုံးလုံးပတ္တလား၊ ကြိုးသီခြေတံစုံ ပတ္တလားနှင့် ဒေါင်လိုက်ပတ္တလားဖြစ်ပါသည်။ ယင်းတို့အနက် ဒေါင်လိုက်ပတ္တလားမှာအလွန် အသုံးနည်းသည်။ ပုတီးကုံး ဆွဲသကဲ့သို့ရှိသော ပတ္တလားမျိုးသည် မွန်ပတ္တလား၊ ထိုင်းနိုင်ငံမှ နရတ်နှင့် ကမ္ဘောဒီးယားမှ ရိုနီပတ္တလားတို့ ဖြစ်သည်။ ကမ္ဘောဒီးယားရိုနီပတ္တလားနှင့် ပတ်သက်၍ အန်ကောဝပ်ဘုရားကျောင်း ရုပ်လုံးရုပ်ကြွများတွင်ငှင်း၊ ခမာမှတ်တမ်းများတွင် ၎င်းမတွေ့ရပေ။ ထိုင်းတို့၏ နရတ်ပတ္တလားကိုမူ (၁၇၂၇)ခုနှစ်၊ အလက်စန္ဒြားမီလ်တန်၏ မှတ်တမ်းနှင့် (၁၈၃၉) ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည့် ကောင်းဝပ်ပဲကွန်၏

ခရီးသွားမှတ်တမ်းများ၌တွေ့ရှိရသည်။ ၎င်း၏ မှတ်တမ်းတွင် ကောင်းဝပ်ပဲကွမ်က ပတ္တလားကို ပိုတိုလာဟူ၍ ဖော်ပြခဲ့သည်။

ထိုင်းနိုင်ငံတွင် လက်ရှိ တီးခတ်နေသောပတ္တလားကို ရနတ်ဟုခေါ်သည်။ ဝါးထက်သစ်သားပြားကို ပို၍ အသုံးများသည်။ ထိုင်းပတ္တလား(၂)မျိုးရှိရာ အသံမြင့်သော ရှေးပတ္တလားကို ရနတ်အက်ဟုခေါ်သည်။ တတိယမြောက် ရာမဘုရင်လက်ထက် ခရစ်နှစ်(၁၈၂၄-၁၈၅၄) အတွင်း အသစ်တီထွင်သော ပတ္တလားကို ရနတ်ထွန်းဟုခေါ်သည်။ ရနက်အက်တွင် အရွက်(၂၁)ရွက်ပါရှိပြီး အိမ်မှာပို၍ကျယ်သည်။ ချည်မျှင်ဖြင့် ရစ်ပတ်ထားသော လက်ခတ်ဖြင့်တီးရသည်။ ရနတ်ထွန်းတွင် အရွက်(၁၇)မှ (၁၈)ရွက်အထိ ပါရှိပြီး အရွယ်အစားအားဖြင့် ပို၍ကြီးသည်။ ထိုင်းနိုင်ငံတွင် သစ်လုံးငယ်ကိုအဆံအဖြစ် အသုံးပြုသောပတ္တလားတစ်မျိုးကိုလည်း ထူးထူးခြားခြားတွေ့ရှိရသည်။ ယင်းပတ္တလားမျိုးကို ကုန်းခေါင်သည့် ဂါလာဆင်နယ်တွင်သာ တွေ့ရှိရ၍ လွန်စွာရှေးမကျလှပေ။ သစ်လုံးငယ် (၁၂) လုံးပါ၍ အတက်စွန်းကို သစ်ပင်ပေါ်ချိတ်ပြီးစို့၊ ငုတ်၍ဖြစ်စေ၊ ခြေထောက်ဖြင့်ဖြစ်စေ ချီပြီးတီးရသည်။ အခြားတစ်ဦးက

အသံမြိုင်အောင် တစ်သံချင်းဝင်တီးပေးနေ တတ်သည်။ ယင်းပတ္တလားကို ဘောင်လန် (ဝါ) ကောသော ဟုခေါ်သည်။ ထိုသစ်လုံးပတ္တလားနည်းတူ ဝါးလုံးပတ္တလား တစ်မျိုးကို ကရင်အမျိုးသားများအကြောင်း စာအုပ်တွင် ရေးသား ဖော်ပြခဲ့သည်။ ဝါးလုံးတိုရှည်(၁၁)လုံးကို စီ၍ တီးရသည်။ ယင်းပတ္တလားကို ပေါ်ကုဟုခေါ်သည်။ ဝါးလုံး၏တစ်ဘက် ထိပ်တွင် အဆစ်ပါပြီး ကျန်တစ်ဘက်တွင် အပေါက်ဖြစ် အောင် ခပ်စောင်းစောင်း ဖြတ်ထားသည်။ တီးသောအခါ ခပ်စောင်းစောင်းထောင်ပြီး လက်ခတ် နှစ်ခုဖြင့် တီးရ သည်။ ခရီးသွားလာရင်း စခန်းချရပ်နားသောအခါ ယင်း ပတ္တလားကို ပြုလုပ်တီးခတ်ကြပြီး ခရီးဆက်လျှင် သည်အတိုင်း စွန့်ပစ်ခဲ့ကြောင်း ဖော်ပြထားသည်။ ဖိလစ်ပိုင်နှင့် ကျွန်းနိုင်ငံများတွင်လည်း ပတ္တလားကို အသုံးပြုခဲ့ကြသည်။ လာအိုတွင် ၎င်းတို့၏ ပတ္တလားကို နန်နတ် (သို့မဟုတ်) ရန်နတ်ဟုခေါ်သည်။ ဂျပန်တို့၏ မော့ကင်ခေါ် ပတ္တလားမှာ အရွက်(၁၆)ရွက်ပါရှိ၍ ဂျာဗား ကျွန်းမှ ပါဝမ်ဗမ် (ခေါ်) အရွက်(၂၀)ပါ ပတ္တလားကို အတုယူ ပြုလုပ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အနုသုခုမနှင့်ပတ်သတ်၍ မှတ်တမ်းမှတ်ရာ တိတိကျကျရှိခဲ့သော ကာလမှာ အေဒီ (၈ဂ၁)ခုနှစ်ဖြစ်ပါသည်။ အေဒီ(၈ဂ၁)ခုနှစ်တွင် ပျူမင်းယုန်ချီ အနိင်သည် ပျူဂီတအဖွဲ့တစ်ဖွဲ့ကို တရုတ်ပြည်သို့ စေလွှတ် ခဲ့သည်။ဂီတအဖွဲ့တွင် တူရိယာပစ္စည်း (၂၂)မျိုးပါသွားကြောင်း သိရှိရသည်။ ယင်းတူရိယာ(၂၂)မျိုးတွင် ဝါးပတ္တလားကို မတွေ့ရပေ။ ပုဂံခေတ်ကျောက်စာများတွင်လည်းကောင်း၊ ဆေးရေးနံရံပန်းချီများတွင်လည်းကောင်း ပတ္တလားဟူသော ဝေါဟာရနှင့် ပတ္တလားပုံကို မတွေ့ရချေ။

အနောက်တိုင်းသုတေသီများက အာရှအရှေ့ တောင်ပိုင်း ဂျာဗား၊ စုမတြာ၊ ဘောနီယို၊ မလေးကျွန်းဆွယ် နှင့်ထိုင်းနိုင်ငံတို့တွင် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ပတ္တလားကို အသုံးပြုနေကြပြီဟု ဆိုပါသည်။ ပသျှူး၊ ဘာလီကျွန်း တူရိယာများတွင်လည်း ပတ္တလားပါဝင်နေ သည်ကိုတွေ့ရှိရသည်။ ထို့ကြောင့် ပတ္တလားသည် ပသျှူး ထိုင်းတို့နှင့် အဆက်အဆံများသော ခမာလူမျိုးများမှ တစ်ဆင့် မွန်တို့က ရရှိပြီးမြန်မာနိုင်ငံအနှံ့ပျံ့နှံ့ ခဲ့ကြောင်း၊ အချို့သုတေသီများကမူ ပတ္တလားကို အင်ဒိုနီးရှား၊

ထိုင်းတို့မှ တစ်ဆင့် မွန်တို့ကိုလက်ခံ ရရှိကြောင်း ရေးသားဖော်ပြခဲ့ကြသည်။

သို့သော် ထိုင်းသုတေသန ပညာရှင်များကမူ ပတ္တလားသည် မွန်မှစတင်ခဲ့ကြောင်း အတိအလင်းဝန်ခံခဲ့ကြသည်။ (၁၉၈၁)ခုနှစ် ဇန်နဝါရီလနှင့် ဇူလိုင်လထုတ် ထိုင်းသုတေသနအသင်း ဂျာနယ်တွင် အမေရိကန်နိုင်ငံ တက္ကသိုလ် ဂီတပညာသင်ကျောင်းမှ သုတေသီဘဲရီ၊ အီးမီလာနှင့် ထိုင်းနိုင်ငံရှရီနရကင်တက္ကသိုလ် ဂီတဌာနမှ သုတေသီ ဂျရန်ချိုင်ချပေရွက်တို့ ပူးပေါင်းရေးသားသည့် ထိုင်းပတ္တလားများ၏ မူလအစ သုတေတနစာတမ်းတွင်-

“၁၈၆၇ ခုနှစ် စစ်ပွဲများ (ထိုင်း-မြန်မာ)ကြောင့် နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ခွင့် မရခဲ့ပေ။ သို့သော် တူရိယာပစ္စည်းများကား အပြန်အလှန် ကူးလူးဆက်ဆံမှုရှိခဲ့ပေသည်။ မြန်မာနိုင်ငံတွင် ပတ္တလားတူရိယာသည် ထိုင်းနိုင်ငံထက် စောစွာ တည်ရှိနေပြီး ထိုတူရိယာသည် မူလအစမွန်တို့၏ တူရိယာအဖြစ် ရင်းမြစ်ညွှန်ပြနေသည့်အပြင် (၁၈၅၂) ခုနှစ်တွင် ထိုင်းနိုင်ငံအကြောင်း ရေးသားခဲ့သော အက်ဖ်အေနီးလီကလည်း ထိုင်းသံစုံတူရိယာ ပတ္တလား

သည် မြန်မာတို့တီထွင်သော မြန်မာတူရိယာ စစ်စစ်ဖြစ်၍ တီးခတ်ရာတွင် အိမ်နီးချင်းနိုင်ငံများထက်ပို၍ ကျွမ်းကျင်ပြီး ဇယ်ဆက်သလို တီးခတ်နိုင်သူများရှိသည်” ဟူ၍ဖော်ပြခဲ့သည်။

ပတ္တလားကို မွန်၊ ထိုင်း၊ ပသျှူး၊ ဂျာဗား(အင်ဒိုနီးရှား) တို့က အလွန်ရှေးကျသောကာလတွင် သုံးစွဲခဲ့သော် လည်း မြန်မာတို့ကမူ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်ထိုင်းကို အောင်နိုင်ပြီးမှသာ စတင်သုံးစွဲခဲ့သည်။ သို့သော် အချို့ ပညာရှင်များကမူ ဆင်ဖြူရှင်မင်းတရားမှာ နှစ်ပါးရှိသဖြင့် ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မဖြစ်နိုင်၊ ယိုးဒယားကို စစ် အောင်နိုင်သူမှာ ဘုရင့်နောင်ဆင်ဖြူမင်းတရားသာ ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ မြန်မာတို့သည် ပတ္တလားကို ထိုင်းမှတစ်ဆင့်ရရှိပြီး ထိုင်းထက်နောက်ကျ၍ အသုံးပြုခဲ့သည်ကို တွေ့ရှိရသည်။ ထိုင်းကလည်း ပတ္တလားကို မွန်တို့ထံမှရရှိကြောင်း အထက်တွင်ဆိုခဲ့ပြီ။ ထို့ကြောင့် မြန်မာတို့သည် ပတ္တလားကို ထိုင်းတို့ထံမှ ရရှိသည်ဆိုခြင်းက ပို၍မှန်ကန်မည်သာဖြစ်ပါသည်။ မွန်တို့သည် မြန်မာနိုင်ငံသား ဖြစ်သဖြင့် အက်ဖ်အေနီလီက နိုင်ငံအနေနှင့်ခြုံ၍ ပတ္တလားတီထွင်သူကို မြန်မာဟု

ရေးသားခဲ့ခြင်းဖြစ်ပေသည်။ ထိုင်းတို့၏ ရနတ်ပတ္တလား ရှေ့ပြေးမှာလည်း မွန်ပတ္တလားပင် ဖြစ်ပေသည်။

အထက်ကဆိုခဲ့သည့်အတိုင်း ပတ္တလားဟူသော ဝေါဟာရကို ပုဂံခေတ်တွင်မတွေ့ရဘဲ သက္ကရာဇ် ၈၃၉ ခုနှစ် မွန်ဘုရင်ဓမ္မစေတီမင်းရေးထိုးခဲ့သော ပဲခူးကလျာဏီ သိမ်ကျောက်စာတွင် အစောဆုံးတွေ့ရသည်။ ယင်း ကျောက်စာအရ ဓမ္မစေတီမင်းက သီဟိုဠ်မင်းအား တုံ့ပြန် လက်ဆောင်ပေးရာတွင် ပတ္တလားတစ်ခု ပါဝင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပတ္တလားကို အစောဆုံးအသုံးပြုသူမှာ မွန်လူမျိုးပင် ဖြစ်သည်။ အချို့သုတေသီများကမူ ဓမ္မစေတီမတိုင်မီ ရာဇဓိရာဇ် လက်ထက်ကပင် ပတ္တလားသည် မွန်တို့ဒေသတွင်ရှိနှင့် နေပြီဟု ဆိုကြသည်။

အရှေ့အိန္ဒိယမှတ်တမ်းအဖြစ် ရေးသားထားသော အလက်ဇန္ဒားမီလ်တန်၏ ၁၇၂၇ခုတွင် ပဲခူးမွန်တို့ အကြောင်းကို ဖော်ပြရာ၌ ယင်းတို့၏ ရေတံလျှောက် ဇယားခွက်ပုံစံတွင် အကြီးအငယ်သံစဉ် အမျိုးမျိုးထွက်သော (ခေါင်းလောင်း) ၂၀ခန့်ပုံသေစီတန်း ထားသောတူရိယာ

ရှိသည်။ ဤနေရာ၌ခေါင်းလောင်းဟူသော စကားမှာ အသံလွင်၍ ကောက်ချိုင့်ထားသည့် ပတ္တလားအရွက်ကို အခြားဝေါဟာရတစ်ခုရှာ၍ မရသဖြင့် ခေါင်းလောင်းဟု သုံးစွဲထားခြင်းဖြစ်သည်။ အလက်ဇန္ဒားမီလ်တန် ဖော်ပြထားသော ပတ္တလားသည် သံပတ္တလားကြေးနောင် ဝိုင်းဖြစ်နိုင်သည်။

ပတ္တလားကို မွန်တို့အသုံးပြုပြီးနောက် ရခိုင်တို့ အသုံးပြုလာသည်ကို တွေ့ရှိရသည်။ သက္ကရာဇ် ၉၅၀ ကျော်ခန့်က ရေးစပ်ခဲ့သော ရခိုင်စာဆို ဥက္ကာပျံ၏ သီတင်းကျွတ်လဘွဲ့ရတုတွင် "ပိန်ပေါင်ခရာ၊ စည်ဒုပ္ပနှင့် ပတ်သာမြို့လုမ်းချုံမှု၊ ကခြီမူပတ္တလား၊ စောင်းငြင်း ပြီးသာ၊ တူရိယာ လူ့ရွာသဘင်" ဟူ၍ စပ်ဆိုခဲ့ကြသည်။ မြန်မာတို့သည် ကုန်းဘောင်ခေတ်ထက်စော၍ ပတ္တလားကို အသုံးပြုခဲ့ကြသည်ဟု ဆိုသော်လည်း ကုန်းဘောင်ခေတ် ထက်စောသော အင်းဝခေတ်ကျောက်စာများနှင့် ကဗျာ စာပေများတွင် ပတ္တလားဝေါဟာရကိုမတွေ့ရပေ။ ကုန်းဘောင် ခေတ်လယ် ကဗျာစာပေတို့တွင်သာ တွေ့ရှိရသည်။ ဝေသန္တရာပျို့တွင်-

"စောင်းညှင်းမီကျောင်း၊ အောင်းကလေးကျော်၊ သံပေါ်

လက်ခုပ်၊ စည်းစုပ်ပတ္တလား၊ စန္ဒယားတို့၊ ထွေပြားရေးရာ၊ တေးတျာမြတ်၊ ငြိမ်သက်သီးသီး၊ နားမငြီးအောင်၊ မှုတ်တီးလိုက်လာ၊ အငြိမ့်သားသည်၊ သံကားညှင်းညှင်း၊ ပွန်စေတုံ၏"

သူဇာပျို့တွင်-

"မင်းသူဇာ၊ ဖန်ပြာအိကျူး၊ ရောင်ပြူး ပတ္တလား၊ ပန်းရောင်ဝါးနှင့် ပိတ်သားရွှေခြည်၊ ထိုသည် သေသတ်၊ လက်ခတ်မျိုး၊ သန္တာအိုးကို" စသည်ဖြင့် စပ်ဆိုခဲ့သည်။

# ရခိုင်တို့၏ တူရိယာစည်တီးခတ်ခြင်း

အတီးအမှုတ်စသော တူရိယာ စည်မျိုး၊ တပိုးမျိုး၊ စောင်းမျိုး ဟူ၍ အသီးသီးရှိကြ၏။ ပါဠိစာပေတွင် စည်ငါးမျိုးကိုပင် "တူရိယာငါးမျိုး" ဟူ၍ ခေါ်ဆိုထားသည်။ ထို့ကြောင့် ရှေးရခိုင်စာဆိုများက "ပဥ္စင်တူရိယာ၊ တီးမှုတ်ကာဖြင့်" ဟုဖွဲ့ဆိုခဲ့ကြလေသည်။ ထို့အတူ တူရိယာငါးပါးဆိုသည်မှာလည်း စည်မျိုးငါးပါးပင်ဖြစ်၏။ အတီးအမှုတ်တူရိယာတို့တွင် စည်တူရိယာမှာ တီးခတ်အပ်သော တူရိယာမျိုးပင်ဖြစ်၏။ ဤစည်အမျိုးအစားများစွာကို ပါဠိစာပေနှင့် သက္ကတတို့တွင် များစွာပါရှိပေ၏။ စည်မှာ အမျိုးအမည် ထူးပြားလှ၏။ ဤစည်တီးခတ်ခြင်းနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်တွင် အဘယ်ခါကပင် စတင်လာခဲ့ကြောင်းကို အတိအကျဖော်ပြရန် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ရခိုင်သည် မြန်မာထက်စောစွာကပင် အိန္ဒိယမှ တစ်ဆင့် အနုပညာသုခုမဂီတတို့သည် ရခိုင်ပြည်နယ်သို့ နွယ်ယှက် ဆက်ပွါးခဲ့ရသည်ဟု ဆိုနိုင်ပေသည်။ ဂီတများသည်လည်း ထိုမှ ဆက်နွယ်ခြင်းကို ပညာရှင်တို့ လေ့လာသိရှိနိုင်ခဲ့၏။

ရခိုင်ပြည်နယ်၌ စည်တီးခြင်း၌ စည်တီးခြင်းစတင်လာသည်မှာ အိန္ဒိယမှပင်ဆက်နွယ်ခဲ့သည်ဟု ဆိုစေကာမူ

အခြေခံမှု၊ အတုယူမှု စသည့်နည်းလမ်း အမျိုးမျိုးလည်း ရှိနိုင်မည်ဖြစ်၏။ တိုင်းပြည်နှင့်လူမျိုး တိုးတက်လာနိုင်သလောက် ယဉ်ကျေးမှုအနုပညာ တေးဂီတများမှာလည်း တိုးတက်နိုင်သဖြင့် ရခိုင်ပြည်နယ်၏ လူနေမှုစတင်လာလာပုံကို ခန့်မှန်းဖော်ထုတ်နိုင်ကြပါလျှင် ပို၍သေချာရေရာပေမည်။

မြန်မာပြည်တွင်လည်း လူမျိုးစုအလိုက် စည်စသည့် တူရိယာများအသီးသီး မိမိတို့လူမျိုး၏ အခြေခံမှုနှင့် ဆက်နွယ်ဆင့်ပွါးမှုကြောင့် တိုးတက်ခဲ့ကြပေ၏။ အသွင်အပြင်မူဟန် အသုံးအစွဲမှာလည်း မိမိတို့လူမျိုးအလိုက် ဖန်တီးထီထွင်ခဲ့ကြပေ၏။ ရခိုင်ပြည်နယ်တွင် အောက်ပါ စည်အမျိုးအစားများကို ခေတ်အဆက်ဆက် သုံးစွဲခဲ့ကြောင်း တွေ့ရ၏-

၁။ မြှောက်စည်(ပဟိုရ်စည်)

၂။ သံလွင်စည်

၃။ မုရိုးစည်(စည်ဗျော)

၄။ စည်ပုတ်

၅။ စည်ကြီး(ရွှန်းစည်)

၆။ ဒုံမင်း

၇။ စည်ပန်းတောင်း(စည်ပဒေါင်း)

၈။ စည်ဝန်း

၉။ ပတ်သာ(ပတ်မ)

၁၀။ တစ်ဘက်စည်

၁၁။ ပန်တျာ(ပန်းတျား)

၁၂။ ခတ်စည်

၁၃။ စည်လေး(စည်သေး)

၁၄။ စည်အိုင့်(အိုးစည်)

စသည်ကိုသုံးစွဲခြင်းနှင့် ပတ်သက်၍ ရာဇဝင်သာခကများကိုဖော်ပြလိုပါ၏။ "နတ်မြစ်စန်းအောင်" က ရခိုင်လူမျိုးတို့၌ ကိုယ်ပိုင်ဂီတ သုခုမ အနုပညာရပ်များစွာရှိသည့်အနက် ရှေးမင်းများလက်ထက်နှင့် ယနေ့တိုင်ခေတ်စားနေသည့် "စည်" အမျိုးအမျိုးအကြောင်း" ကို တင်ပြထား၏။ ပျောက်ကွယ်နေသော တူရိယာများကို သုတေသနလုပ်၍ ရှာဖွေထိန်းသိမ်းရန်မှာ ရခိုင်အမျိုးသားတိုင်း၏ တာဝန်ဖြစ်ပေသည်။

ရခိုင်ရာဇဝင်၌ ဒဿ ဘာတိကတို့ရေကစားရာသို့ မျောပါလာသော ကက္ကဋ္ဌ ပုစွန်လက်မကို ပဟိုရ်စည်ကြက်လုပ်၍ မြောက်စည်ပြုထားခဲ့သည်ဟု အဆိုရှိသည်။ စန္ဒသူရိယမင်း မဟာမုနိရှင်ပင်ကို သွန်းလုပ်စဉ်က ပဥ္စတူရိယာ တီးမှုတ်ခြင်းရှိခဲ့သည်။ စန္ဒရားမင်းများလက်ထက် စည်တော်ရွန်းခဲ့သော တောင်မှာယခုတိုင် ကျောက်လှေကားမြို့၌ရှိ၍ စည်ကြီးတောင်ဟုခေါ်တွင်ကြ၏။ မြောက်ဦးမြို့နန်းတော်ဦး တောင်မှာလည်း

စည်တော်ရှန်းခဲ့သဖြင့် ရှန်းတောင်ဟုခေါ်တွင်လျက် ရှိသေး၏။ ဥဂ္ဂါပုံ့စာဆိုတို့၏ ရာသီဖွဲ့များ၌လည်း " ပိန်ပေါင်ခရာ၊ စည်ဒုပ္ပါနှင့် " ဟုလည်းကောင်း " စည်ပုတ်သံဝါ၊ တောမှုတ်ကာသည် " ဟု လည်းကောင်း စပ်ဆိုခဲ့၏။ သတိုးသုဓမ္မမင်းသည် ပိတောက်ပင်ကို ထွင်း၍ ဗဟိုရ်စည်ကြက်ခဲ့၏။ ဤသို့ စည်တီးခြင်းများ ထင်ရှားနိုင်သည့်အပြင် ပန်းပုလက်ရာ ရုပ်တုလည်း အထင်အရှားတွေ့နိုင်၏။ ဿျစ်သောင်း သိမ်တော်ကြီး နံရံတွင် စည်တီးခေတ်နေသော တူရိယာသမားပုံကိုတွေ့ ရ၏။ ထို့ကြောင့် စည်ကြက်လုပ် တီးခတ်ခဲ့ကြပုံ၊ တူရိယာ အဖြစ်လည်းကောင်း၊ ပွဲလမ်းသဘင် ကန္နားတွင် လည်းကောင်း အသုံးပြုခဲ့ကြပုံများမှာ ထင်လင်းစွာ သက်သေခံလျက်ရှိနေသည်။

ဤစည်များအားလုံးကို ယခုအခါ မတွေ့သိရှိရ သော်လည်း သုံးစွဲနေသမှုကို အောက်၌ ဖော်ပြပါအံ့။

၁။ ပန်တျာ(ပန်းတျား)

၂။ မုရိုးစည်(စည်ဗျော)

၃။ ခတ်စည်

၄။ ကျင်စည်

၅။ စိုင်တမျိုး

၆။ ဗုံရှည်စည်

ဤစည်တို့ကို ရှာဖွေတွေ့ရှိနိုင်သည်။ တခြားသော တူရိယာအစိတ်အပိုင်းနှင့် နဲ၊ ပလွေစသည့် မှုတ်အပ်သော တူရိယာများကား စစ်တကောင်းနယ်ရှိ ရခိုင်တို့ယခုတိုင် သုံးစွဲလျက်ရှိသေး၏။

## ၁။ ပန်းတျားစည်

ဤစည်၏ စတင်လာပုံကို ရခိုင်ဇာတိဝံသ မော်ကွန်းစာတမ်း၌ တွေ့ရ၏။ ရခိုင်မင်းများသည် တိုင်းသူပြည်သားတို့ကို အနှောင့်အယှက် ပေးသော ရက္ခဘီလူး၊ နတ်မိစ္ဆာကြမ်းတို့အား မိုးဦး၊ မိုးနှောင်း လစဉ် မပြတ် ပန်းတျားစည်ဖြင့်တီးခတ်ကာ နတ်ပွဲပသပူဇော် ရာ၌သုံးစွဲခဲ့သည့် "ပန်းတျားသည်" ပညာရှင်တစ်ဦးကိုလည်း လက်ဝဲသင်းရှစ်ဦးတွင် တစ်ဦးအပါအဝင်ရာထူးခန့်ထားခဲ့ ရသည်။ (စည်သဘင်အမတ်ကြီးတို့လည်း ထိုကဲ့သို့ ပွဲသဘင်နှင့်ဆိုင်ရာ၊ ယဉ်ကျေးမှုသုခုမ တေးဂီတနှင့် ဆိုင်ရာခန့်အပ်ထားသော သဘင်ဝန်ကြီးပင်လောဟု အောက်မေ့အပ်သည်။) ထိုအခါမှစ၍ နှုတ်နှင့်ပတ်သက် သမျှ ပန်းတျားတီးခတ်မှုရှိလာခဲ့ရ၏။ ပန်းတျား၏ အရင်းမှာ ကြီးပြီးလျှင် အဖျားမှာသေးသွယ်သည်။ သားရေကြက်ပြီး ကြိုးနှင့်လွယ်ကာ တီးခတ်ရသည်။ မြောက်ဦးမြို့နယ်တို့တွင် ယခုတိုင်တွေ့နိုင်၏။ ၎င်းနှင့် သီဆိုရသောသီချင်းလည်း သီးခြားပင်ရှိ၏။ ဤစည်ကို

ရခိုင်ပြည်၌ ဦးစွာသုံးစွဲခဲ့ပြီး ဘယ်ခေတ်တွင်မှ မတိမ်ကောခဲ့သည့် စည်ဖြစ်ခဲ့သည်။ "ပတ်တီးသည်" ဟုလည်း အချို့ဒေသ၌ သုံးနှုန်း၏။

## ၂။ မုရိုးစည်

(ရခိုင်က စည်ဗျောခေါ်၏) ဝါကျွတ်ပွဲ၊ တန်ဆောင်မုန်းပွဲ၊ အတာသင်္ကြန်ပွဲ၊ ဘုရားပွဲ၊ ကျောင်းတက် အလှူပွဲ၊ ရှင်ပြုပွဲစသည့် မင်္ဂလာပွဲတို့၌ တီးခတ်လေသည်။ မင်းပြားမြို့နယ်၌ ယခုတိုင် ထိုစည်ကို တွေ့ရှိနိုင်သည်။ မင်းပြားမြို့ ကျိန်းတောင်ဘုရားပွဲ ကျင်းပတိုင်း ဤစည်ဖြင့်ပင် တီးခတ်ပူဇော်လျက် ရှိသေးသည်။

## ၃။ ခတ်စည်

"သမက်တက်ပွဲ" ခေါ် မင်္ဂလာဆောင်ပွဲတို့၌ တီးခတ်ကြသည်။ ရခိုင်ပြည်တွင် စစ်ပြီးခေတ် သမက်တက်ပွဲ၌စည် တီးခတ်မှု ပျောက်ကွယ်ခဲ့ပြီးသော်လည်း စစ်တကောင်းနယ် မရှက်ချောင်းတို့၌ ယခုထိရှိသည်။ ရခိုင်နန်းကျကြီးမင်း လက်ထက် စည်သဘင်သမီး ပန်းနီလာကို ပေးစား ထိမ်းမြားစဉ် စည်တီးခတ်မှုကြောင့် ဘုရင်သည် အမျက်ရှ၍ ပိတ်ပင်ခဲ့ဖူး၏။ ဘုရင်မှာ ပန်းနီလာကို ချစ်ရေးဆိုခဲ့သော်လည်း စည်သဘင်၏ "သေပြီ" ဟူသည့် လိမ်လည့်စကားကို ယုံကြည်ကာနေခဲ့၏။ ကာလကြာသော် တစ်ဖန်

တခြားသူနှင့် ထိမ်းမြားပွဲလုပ်၍ စည်တီးခတ်သံကို ဘုရင်ကြားရသဖြင့် သေပြီဟုဆိုခဲ့သော လိမ်လည်မှုကို ပြုသည့်အတွက် ငါ့အားမပန်ကြားဘဲတိုင်းပြည်၌ တူရိယာတီးမှုတ်ခွင့်မပြုရဟု အမိန့်ထားခဲ့ဖူးသည့် တစ်ရပ်ရှိသည်။

## ၄။ ကျင်စည်

ရခိုင်လူမျိုးတို့၏ ထင်ရှားသော ကစားခုန်စားတစ်ခုဖြစ်သည့် ကျင်ကိုင်ပွဲတို့၌ တီးခတ်ရ၏။ ဤစည်ကိုတီးခတ်လိုက်လျှင် ကျင်သန်များသည် စိတ်ရဲရင့်လာပြီးကြောက်စိတ်များ ပျောက်ကွယ်သွားလေ့ရှိသည်။ ဤစည်ကိုပခုံးတွင် စလွယ်သိုင်းလွယ်လျက် အထက်သို့ မျက်နှာဝကိုစောင်းငဲ့ကာထားပြီး၊ လွှားရင်းခုန်ရင်း စိတ်အားတက်ကြွလာစေရန် တီးခတ်ရ၏။ ယခုတိုင်ကျင်ပွဲတို့၌တီးခတ်လျက်ရှိသေး ကြောင်းတွေ့ရ၏။

## ၅။ စိုင်တစ်မျိုး

"စိုင်"ခေါ်စည်တစ်မျိုးသည် ကျောက်ဖြူ၊ ရမ်းဗြဲကျေးလက်နယ်များတွင် သုံးစွဲလျက်ရှိသေးကြောင်း သိရှိရ၏။ ထိုစည်ကို တပျော်တပါး စည်ကားသိုက်မြိုက်စွာဖြင့် ပြိုင်ပွဲများဖြင့်ပင် ကျင်းပလေ့ရှိသည်ဟူ၏။ ထိုအရာကို ကြည့်ခြင်းဖြင့် "စိုင်းစည်" ဟုခေါ်ဟန်တူ၏။ ထို့ပြင်လူပျို ကာလသားများအဖို့ နွေဦးရာသီတို့တွင်

တီးခတ်ကခုန်ရခြင်းဖြင့် ပျော်စရာအကောင်းဆုံးပင်ဖြစ်သည့်အတွက် ထိန်းသိမ်းထားအပ်၏။

## ၆။ ဗုံရှည်စည်

မာန်အောင်ကျွန်း၌ တီးခတ်လျက်ရှိကြသေး၏။ ထိုစည်မှာ ပါးလွှာစွာအခေါင်းထွင်းပြီး သားရေ ကြက်ထားသဖြင့် ပေါ့ပါးလှသည်။ အသံမှာလည်း ထိန့်ထိန့်ကြိုးမျှ မြည်ဟည်းလှဘိသည်။ ၎င်းဒေသတွင် ထိုစည်ကို “ဗုံ” ဟု ခေါ်ဆိုကြသည်။ အတာသင်္ကြန်ပွဲ၊ဘုရားပွဲ စသည်တို့၌ တီးခတ်လေ့ရှိသည်။

မြန်မာတို့သည် ရခိုင်တို့ထံမှ တူရိယာအချို့ကို အတုယူတီထွင် သုံးစွဲခဲ့ကြမည်ကို ခန့်မှန်းရ၏။ အဘယ်ကြောင့်ဆိုသော် ရခိုင်သည် မြန်မာထက် အိန္ဒိယပြည်နှင့်ဆက်သွယ်မှု နီးစပ်လာနိုင်သဖြင့် ရခိုင်သို့ တူရိယာများစောစွာ ဆက်သွယ်နိုင်ခဲ့မည်ကို သိသာလှသည်။ ထို့ကြောင့်ပင် အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်စဉ် ရခိုင်တို့ဒေသသို့ ရောက်ခဲ့၍ တူရိယာပုံစံများကို တွေ့မြင်ခဲ့သဖြင့် ပုံစံယူကာ ဇမ္ဗူ့သပြေသီး ကြွေဟန်စသည့် တူရိယာများကိုတီထွင်တော့ကြောင်း ခန့်မှန်းသိသာနိုင်၏။ ထို့အတူ ရခိုင်တို့ထံမှ ဆက်သွယ်ခဲ့ကြသော လူမျိုးစုများ၏ တူရိယာများလည်း ရှိကြသေးမည်ဟု သိရသည်။

မောတိုဌာနီဟုတွင်သော ရှမ်းပြည်တောင်ပိုင်း အင်းလေးတွင် နေကြသော ထားဝယ်မျိုးနွယ်စုဝင် အင်းသားတို့ သုံးစွဲလျက်ရှိသည့် လံစည်မှာရခိုင်မာန်အောင် ဗုံရှည်စည်နှင့် သဘောတူဖြစ်၏။ အလုံးအလျား အသွင် အပြင် လုံးဝတူညီလှ၏။ ထိုလံစည်အကဖြင့် တေးသီးချင်းမှာ လည်ချောင်းနှာသံဖြင့် သီဆိုကြရသဖြင့် ရခိုင်သိုင်းဟန် သာချင်းတစ်မျိုးကဲ့သို့ဟု ခန့်မှန်းလေ့လာရသည်။


2013-03-07

အင်းသားမှာ ထားဝယ်မှ သံလွင်မြစ်ကြောင်းဖြင့် ညောင်ရွှေအင်းလေးတွင်လာ၍ အခြေစိုက်သူများ ဖြစ်သဖြင့် ထားဝယ်လူမျိုးစု အပါအဝင်ပင်ဖြစ်၏။ ထားဝယ်မှာ ရခိုင်လူမျိုးဆက်နွယ်များသာ ဖြစ်ကြ၏။ ဒသရာဇာမင်း လက်ထက် မာန်အောင်ကျွန်းမှ တနင်္သာရီကမ်းတစ်လျှောက် သွားရောက်နေထိုင်သည်မှ အခြေစိုက် ခဲ့သူများဖြစ်သည်။ ထို့ကြောင့် ရခိုင်စည်တူရိယာသည် ၎င်းတို့ထံ လက်ငုတ်လက်စ ရှိနေခြင်းဖြစ်၏။ ထားဝယ်ဒိန်းသာချင်းမှာလည်း ရခိုင်ဒိုးချင်းနှင့် ဆင်တူလှ၏။ ဘိုးတော်မင်းလက်ထက် ရှမ်းပြည်နယ်သို့ ရခိုင်များမှာလည်း ရောက်ရှိသွားခဲ့ကြ၏။

ထို့ကြောင့် ရခိုင်စည်တူရိယာသည် ရခိုင်တွင် သာမက အရပ်ရပ် ဆက်သွယ်နှံ့စပ်မှု ရှိခဲ့သော်လည်း ယနေ့ရခိုင်တွင်ရှားပါး တိမ်ကောနေသည်ကို တွေ့ရသဖြင့် ထိန်းသိမ်းစောင့်ရှောက် ဖော်ထုတ်ကြသင့်၏။ ယနေ့ ကမ္ဘာတွင် မိမိတို့အနုပညာဖြင့် ဂုဏ်ဝင့်ဝါသကဲ့သို့ ရခိုင်ပြည်နယ်သည်လည်း မိမိတို့အနုပညာဂုဏ်ဖြင့် ဝင့်ဝါ နေပါသည်။


12.4.2012 ©www.tachileik.net

## ရှမ်းတိုင်းရင်းသားလူမျိုးများ၏တူရိယာနှင့် တေးသီချင်းများ

ရှမ်းတိုင်းရင်းသားလူမျိုးများ စတင်အသုံးပြုခဲ့သော တူရိယာပစ္စည်းများမှာ ရှမ်းအိုးစည်/ ရှမ်းမောင်းဆိုင်းဟူ၍ နှစ်မျိုးကိုသာအများစုဖြင့် စုပေါင်းတီးမှုတ်ကြပြီး တစ်ဦးချင်း တီးမှုတ်သည့် တူရိယာမှာ အုန်းတယောဖြင့်သာ အသုံးပြုကြပါသည်။

စုပေါင်းတီးမှုတ်ခြင်း

စုပေါင်းတီးမှုတ်ခြင်းကို ရှမ်းအိုးစည်ဝိုင်းက စတင် ဖေါ်ပြရမည်။ ရှမ်းအိုးစည်ဝိုင်းတွင် အိုးစည်တစ်လုံး၊ လင်းကွင်းတစ်စုံ၊ မောင်း(၇)လုံးနှင့် လင်းကွင်းငယ်(စည်း) တစ်စုံပါဝင်ပါသည်။

ရှမ်းအိုးစည်တီးချိန်၌ အချို့မှာ မောင်းကိုဘောင် ခတ်ထားသောသစ်သား၊ ဝါးတွင်ချိတ်၍ မောင်းတစ်လုံးလျှင် မောင်းတီးတုတ်တစ်ခုစီကို လက်ကိုင်တစ်ခုတွင် မောင်း တစ်လုံးချင်းနှင့် ယှဉ်၍ အသေတပ်ထားပြီး ၎င်းလက်ကိုင်ကို လူတစ်ဦးသာတီးရပါသည်။ တချို့မှာ မောင်းတစ်လုံးလျှင်

လူတစ်ဦးကျစီ တီးကြပါသည်။ တီးရာ ၌လည်း မောင်းမှ စတင်အချက်ပေးတီးရပြီး အဆုံးသတ်ချိန်၌ အိုးစည်မှ အချက်ပြ အဆုံးသတ်ရပါသည်။



ရှမ်းမောင်းဆိုင်း ဆိုသည်မှာမူ ရှမ်းအိုးစည်ကဲ့သို့ မဟုတ်ဘဲ မောင်း(၇)လုံးအပြင် (၂၂) လက်မမောင်းကြီး (၁)လုံးနှင့် (၁၆)လက်မ မောင်းတစ်လုံး အပါအဝင် မောင်း(၉)လုံးဖြင့် တီးမှုတ်ရပါသည်။ လင်းကွင်းမှာလည်း ရှမ်းအိုးစည်တွင် သုံးသည့်လင်းကွင်းထက် ကြီးသည်။ လင်းကွင်းအငယ် (စည်း)တစ်စုံလည်းပါဝင်ပြီး ဗုံမှာလည်း စည်တော်ဆန်ဆန် ပြုလုပ်ထားပါသည်။ (ရှမ်းအိုးစည်ကဲ့သို့ဗုံစာကပ်၍ တီးရခြင်းမဟုတ်ပါ)။ သို့သော် စတင်တီးရာ၌ရှမ်းအိုးစည်ကဲ့သို့ မောင်းမှစတင်ပေးရခြင်းမဟုတ်ဘဲ ဗုံမှစတင်ချက်ပေးရပြီး အဆုံး သတ်ချိန်မှာလည်း ဗုံကပင် အချက်ပေးရပ်နားရပါသည်။

အထက်ပါ (၂) မျိုးစလုံးကိုပင် အလှူအတန်း၊ ပွဲလမ်းသဘင်ပြုလုပ်ချိန်၌ ဝိုင်းဖွဲ့တီး လေ့ရှိပြီး အများစု ပေါင်းပါဝင်၍ တပျော်တပါး ကကြလေ့ရှိပါသည်။ ရှမ်းအိုးစည်မှာမူ တစ် ဦးချင်း အလှကခြင်း၊ ဒုတ်-ဓါး-သိုင်း ကခြင်းတွင်လည်း တီးမှုတ်ကြပါသည်။ ၎င်းအပြင် သိုးနယား၊ ကိန္နရာအကတွင်လည်း၎င်း ရှမ်းအိုးစည် အတီးဖြင့်သာ အသုံးပြုကြပါသည်။


SHAN/TAI NEW YEAR CELEBRATIONS
Kingdom

## တစ်ဦးချင်းတီးမှုတ်ခြင်း

တစ်ဦးချင်းတီးရသော အုန်းတယောမှာ အုန်းသီး၏ အတွင်းမှ အခွံကိုယူပြီး ၎င်းအခွန်တွင် အပေါက် ဖောက်၍ ကြိုးတပ်ရန် လက်ကိုင်တစ်ခုကို ယခုဟွန်း တယောကဲ့သို့ပင် တပ်ဆင်ထားပါသည်။

အဆိုပါဖောက် ထားသော အပေါက်တွင် လက်ကိုင် တပ်ပြီးသည်နှင့် ဖယောင်းဖြင့်ပြန်ပိတ်ရပြီး အုန်းခွံ အပေါ်တွင်မူ ဝါးကပ် ဖြင့်ပိတ်ထားရပါသည်။ ကြိုးကိုမူ သံမဏိကြိုးဖြင့် မဟုတ်ဘဲ ချည်ဖြင့် ပြုလုပ်တပ်ဆင် ထားပါသည်။

ကြိုးမှာ လည်း (၂)ပင် သာရှိပါသည်။ ထိုးရသည့် ထိုးတံမှာလည်း တယောထိုးတံကဲ့သို့ မဟုတ်ဘဲ လေးသဏ္ဍာန် ပြုလုပ်ထားပြီး လက်ကိုင်သည့်နေရာတွင် အကွေးကို အနည်းငယ် လျှော့ထားပါသည်။ ထိုးရာ၌ အပေါ်မှဖိ၍ ထိုးရခြင်းမဟုတ်ပါ။

ထိုးတံကြိုးကို အတွင်းဘက်၌ ထားပြီး အပေါ် သို့ဆွဲ၍ ထိုးရပါသည်။ ၎င်းတယောကို အလှူပွဲ၌

သော်လည်းကောင်း လူပျိုလှည့်ရာတွင်လည်းကောင်း တီးမှုတ်လေ့ရှိပါသည်။

ထိုသို့တီးမှုတ်ရာ၌ လည်းအဆို(၁)ဦးနှင့် အတီး တွဲဖက်၍ တီးမှုတ်ရပါသည်။ ၎င်းအုန်းတယောနှင့် တွဲဘက်သီဆို ရသော သီချင်းများမှာ ကွမ်းတယော (တယောသီချင်း) ကွမ်းလောင့်ခုမ်း (ရှမ်းသီချင်းကြီး)ကိုသာ တီးမှုတ်လေ့ ရှိပြီး ခေတ်ပေါ် သီချင်းများကိုမူ သီဆိုတီးမှုတ်လေ့ မရှိပါ။

ခေတ်၏ သမိုင်းအဆက်ဆက် တိုးတက်လာသည် နှင့်အမျှ ရှမ်းတူရိယာမှာလည်း အဆင့်မြင့်မားလာကာ ပတ္တလား-ခုနှစ်လုံးမောင်း၊ နှဲ၊ ပုလွေ၊ ဂီတာ၊ တယော (မြန်မာ) မယ်ဒလင်၊ ဘင်ဂျို၊ အပြင်ခြောက်လုံးမတ်တို့နှင့် တမျိုးဆန်းသစ်တည်ထွင်လာခဲ့ကြပါသည်။

အဆိုပါတူရိယာ ပစ္စည်းများဖြင့် အသုံးပြုလာ သည်နှင့်နောက်ပိုင်း ခေတ်ပေါ် တေးသီချင်းများအပြင် ရှမ်းဇာတ်ဟူ၍ ပေါ်ပေါက်လာပါသည်။ ၎င်းရှမ်းဇာတ်တွင် ဇာတ်လမ်းဇာတ်ကွက်ဖော် ကပြသည်က နည်းပြီး ယိမ်း၊ နှစ်ပါးသွားအကများဖြင့် အဆိုကိုသာ အဓိကထားကြပါ သည်။

သီချင်းဆိုရာ၌ အချို့မှာစာသားရေးစပ်သီဆိုကြပြီး အချို့မှာ လက်တန်းသီဆိုကြပါသည်။ ၎င်းသီချင်းများ ရေးစပ်သီဆိုရာ၌ အချစ်ရေးနှင့် တောတောင်ရေမြေ သဘာဝကို ဖွဲ့ဆိုကြသည်က များပါသည်။

## မှီငြမ်းကိုးကားချက်များ

၁။ မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟို ကော်မတီ၊ စာပေဌာနမှ ပြုစုရေးသား ပေးပို့ထား သည်။

၂။ ဦးပီမောင်စိုး(လွိုင်ကော်)၏ ကယန်းတိုင်းရင်းသား သမိုင်း ပထမအကြိမ်၊ ၂၀၁၈ခုနှစ်၊ မတ်လ

၃။ တိုင်းရင်းသား ယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံများ (ကရင်)စာအုပ်နှင့် ကရင်လူမျိုးများ အသုံးပြုလျက် ရှိသော ရိုးရာတူရိယာများအကြောင်း စာအုပ်မှ ကူးယူဖော်ပြသည်။

ဓါတ်ပုံများကို ကရင်ပြည်နယ်ရေးရာ လေ့လာစရာ ဘာသာရပ်ပြုစုစဉ်က ရိုက်ကူးခဲ့သည့် ဓါတ်ပုံများ ကို အသုံးပြုထားပါသည်။

၄။ ဆလိုင်းကံပန်း(ဂုဏ်ထူးဆောင်နာယက)၊ အရှို(ချင်း) အမျိုးသားစာပေနှင့် ယဉ်ကျေးမှုရေးရာအဖွဲ့၊ ပဒါန်း ကျေးရွာ၊ ငဖဲမြို့နယ်က ရေးသားပေးပို့သည်။

၅။ စာရေးသူ-စိတြ၏ ၁၉၈၇ခုနှစ် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ

ဒုတိယဆု၊ ကိန္နရာကိန္နရီစာအုပ်မှ ကူးယူဖော်ပြသည်။

၆။ ဆောင်းပါးရှင်နိုင်ခင်မောင်လေး၏ မွန်ပတ္တလားကို ကူးယူဖော်ပြသည်။

၇။ အရှင်စက္ကိန္ဒ(ရခိုင်ပြည်နယ်)၊ရခိုင်ယဉ်ကျေးမှုများ အမှတ်(၂)စာအုပ်မှကူးယူဖော်ပြသည်။
-Thura Htayaung (အင်တာနက်သတင်း)

၈။ နေ့စွဲ၊ ၁၉၆၉-ခုနှစ် မတ်လ(၂၇)ရက်နေ့ မောင်/၂၇၃ ဓာတ်ပုံများကို အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြသည်။